## အုန်းဘောင်မင်းဆက်

# ရာဇဝင်တော်

တောင်ပိုင်မြို့ဝန် ဦးမှူး

အုန်းဘောင်သိုက်စာရာဇဝင်သည် ရှေးပညာရှိမင်းတို့ရေးသားထားအပ်သောစာအုပ်စာတမ်းများသည် ၁၃၀၃–၁၃၀၄ ခုတို့၌ ကမ္ဘာစစ်ကြီးဖြစ်ပေါ်လာ၍ လူမျိုးချားဂျာပန်များက အင်္ဂလိတ်အစိုးရတို့ကို ရာန်မူသဖြင့် စစ်ကြီးမက်ကြီးဖြစ်ပွားတိုက်ခိုက်ကြရာ ရာဇဝင်သိုက်စာများကို အိမ်ဟော်မြို့ရွာသည် ဗုံးဒဏ်ကြောင့် မီးလောင်သည်နှင့်ကွယ်ပျောက်ပြက်ပြားဆွေးမြေ့သွားသဖြင့် ရာဇဝင်စာအုပ်စာစောင်များကို စုံစမ်းရှာဘွေရာ အကောင်းမတွေ့မမြင်ရဘဲ ဆွေးမြေ့စုတ်ပြတ်နေသော စာတစောင်ကို တွေ့ရညားလည်း မစေ့မစပ်မစုံမလင် တပေါက်စီတပေါက်ချဖြစ်နေ၍ အမတ်ချုပ်မြို့ဝန်ကြီးဦးခွန်လိတ်က ပြင်ဆင်ရေးသားပါရန် တိုက်တွန်းတောင်းပန်သည့်အတိုင်း ပင်စင်အငြိမ်းစားတောင်ပိုင်ကျောင်းတကာမြို့ဝန်ကြီးဦးမူးအထူးကြည့်ရှု၍ ပြင်ဆင်ရေးသားရန် ကုန်ကြသောစရိပ်ကြေးငွေကို ကြခံပါမည်ဟူ၍ ဝန်ခံပါသောကြောင့် နော်သားနောင်လာသိသာမြင်လွယ်စေခြင်းငှါ ထုတ်နုတ်စီရင်ရေးသားပါအံ့။

ဘဒ္ဒကမ္ဘာပေါ်ဦးခါဝယ် မဟာသမတခတ္တိယဝံသာဗောဓိလျှာမှစ၍ ကပ္ပိလဝတ်ဘုရားလောင်းမြတ်သိဒ္ဓတ္ထကုမာရ တိုင်းသာကီဝင်မင်းပေါင်း၃၃၄၅၆၉ သုံးသိန်းသုံးသောင်းလေးထောင်ငါးရာချော်ကျိမ်ကိုးမျိုးရိုးမပျက် ဆင်းသက်နွယ်လာ သာကီဝင်အစစ်ဖြစ်တော်မူသော ကောလိယပြည်ရှင်ဘုရင်အဘိရာဇာမင်းကြီး၏ သမီးတော်ကို ကောသလတိုင်းအစိုးရသော ကောသလမင်းကြီးက သာကီဝင်မင်းမျိုး နေနတ်ရိုးနွယ်တော်ကို ဆက်ဆံရန် သမီးတော်ကို ထိန်းများပါမည့်အကြောင်းနှင့်တမာန်စေလွှတ်ကြောင်းလမ်းတောင်းခံရာ အဘိရာဇာမင်းကြီးက နှလုံးတော်ရှုသဖြင့် နှစ်ပြည်တပြည်ခိုက်ရာန်ဖြစ်ပွားတိုက်ခိုက်ကြသဖြင့် ကောလိယပြည်ပျက်ပြားသောကြောင့် အဘိရာဇာမင်းကြီးသည်လည်း ဆင်မြင်းလက်နက်ရဲမင်္ဂဗိုလ်ခြေပြည်သူတိုင်းသားများနှင့်တကွ သက္ကရာဇ် ၇၇ ခု နတ္တော်လဆန်း ၇ ရက်နေ့ တိုင်းပြည်မှ ရှောင်ခွါတော်မူလာခဲ့၍ ကောက္ကသံမြတ်စွာဘုရားလွှတ်တော်က သင်းတွဲပြည်ဟူ၍ အမည်သုံးခုရသော တိုင်းပြည်မြို့ဟောင်းနေရာ၌ တကောင်းပြည်ဟူ၍ သမုဒ်တည်ထောင်စံမြန်းထီးနန်းစိုက်ထူတော်မူလေ၏။ အဘိရာဇာမင်းကြီးသည် သားတော် ကံရာဇာကြီး ကံရာဇာငယ်ဟူ၍ ၂ ပါးရှိတော်မူ၏။ ခမည်းတော်အဘိရာဇာမင်းကြီး နတ်ပြည်စံတော်မူသည်နော် နောင်တော်ကံရာဇာကြီးက ညီတော်ကံရာဇာငယ်ကို ထီးနန်းလွှဲအပ်ပြီးလျှင် မိမိကျေးကျွန်ချွေရန်သင်းပင်းနှင့်တကွ ထွက်ခွါတော်မူလာခဲ့၍ ရခိုင်ဓညဝတီပြည်ကို တည်ထောင်စံမြန်း ထီးနန်းစိုက်ထူတော်မူလေ၏။ တကောင်းပြည်တွင် ကံရာဇာငယ်မှ ဆင်းသက်၍ အုပ်စိုးစံစားတော်မူသော သာကီယမင်းမျိုး ၃၂ သုံးဆယ်နှစ်ဆက်မြော်၌ မောရိယရာဇာဟူသောသာသနဒါယကာ မဟာကေရာဇ်မင်းမြတ် စံစားတော်မူရာတွင် သားတော်အကြီးဘိန္နကရာဇာ သားတော်အငယ်ဘိန္နရာဇ်ရာဇာဟူ၍ နှစ်ပါးရှိ၏။ ခမည်းတော်မောရိယရာဇာမင်းကြီးနတ်ပြည်စံတော်မူသည်နော် သားတော်ကြီးဘိန္နကရာဇာ ဆက်ခံစံမြန်းတော်မူသည်အတွင်း ဂန္ဓာလရာဇ်တရုပ်လူမျိုးတို့နှင့်မသင့်မတင့်စစ်မင်္ဂဖြစ်ပွားတိုက်ခိုက်ကြ၍ တကောင်းပြည်ကြီးပျက်ပြားလေလျှင်



E-book is created by www.shanyoma.org

ဘိန္နကရာဇာမင်းကြီးသည် ဆင်မြင်းလက်နက်ရဲမက်ဗိုလ်ချေတို့နှင့်တကွ ရှောင်ကွင်းထွက်ခွါလာတော်မူခဲ့၍ မိုင်းမောပြည်ကြီး၌ ထီးနန်းစိုက်ထူရိပ်မြုံကာမိုး အုပ်စိုးစံစားတော်မူ၏။ မိုင်းမောပြည်တွင် ဘိန္နရာဇ်ရာဇာ မဟာဓမ္မရာဇ်မင်းမှ သာကီယမင်းမျိုးရိုးစဉ်မပြတ်ဆင်းသက်စံမြန်းခဲ့ရာ ခွန်လူးမင်းလွှက် မြန်မာပြည်လည်း သရေခေတ္တရာပါပီရန်မင်းရိုးဒယားပြည်လည်း မာလိန်မင်းစိုးမိုးလျက် ၃ သုံးပြည်ထောင်တို့တွင် ထီးပြိုင်နန်းပြိုင်ဖြစ်လေ၏။ မိုင်းမောခွန်လူးတွင် သားတော်ကြီးခွန်လဲ။ အလပ်ခွန်ခန်းထွန်း။ အငယ်ခွန်ခန်းပုံ။ အထွေးခွန်ခန်းစော်ဟူ၍ သားတော်လေးပါးဌါးရှိလေ၏။ ခွန်လူးမင်းသည် မင်းကျင့်တရားဆယ်ပါးမမှားမတိန်းစောင့်ထိန်းအုပ်စိုးလျက် ပြည်သူပြည်သားလူအများတို့ကို သနားကြင်နာမေတ္တာမျှတော်မူခြင်းအမှုရှိရာ ပညာရှိတို့ကို တိုင်ပင်ဆွေးနွေးတွေးတောဆင်ခြင်၍ စီရင်တော်မူခြင်း အမှုအားလျော်စွာ တရားသဖြင့် မညာမငဲ့တဲ့မှတ်ဖြောင့်တန်းစွာ ဆုံးဖြတ်စီရင်ခြင်း။ သာသနာတော်ထမ်းရဟန်းသံဃာတော်တို့ကိုလည်း ယုံကြည်လေးစားသဒ္ဓါပွား၍ ထံပွံ့ချီးမြင့်လှူဒါန်းခြင်း ဝါတွင်းဝါပ အဌင်္ဂဒသသီလတို့ကို တလလေးသတင်းမရှင်းမပျက်နှစ်သက်ရှင်ကြည် ဆောက်တည်မရှုပ် ဥပုတ်စောင့်သုံးကြသော တိုင်းသူပြည်သားကျေးကျွန်များလည်း မညိုးမနွမ်းရအောင် အဝတ်အစားထောံပံ့ပေးကန်းစွန့်ကြဲခြင်း အမှုတော်ထမ်းကျေးကျွန်တော်များလည်း မပင်မပန်းမညိုးနွမ်းစေရဘဲ ဝတ်စားလစာရိက္ခာလယ်ယာစပါးသနားပေးကန်းခြင်း ပြည်သူတိုင်းသားတို့ကိုလည်း နည်းပေးလမ်းပြဆုမ္မသွန်သင်စီရင်အုပ်စိုးတော်မူသောကြောင့် တိုင်းနိုင်ငံတော်ပျော်ရှင်သာယာရေစာဝတ်စားပေါများပြည့်ဝ မဒိန်းဒဏ္ဍတမျှခိုးသူလူမသမာ ငြိမ်စွာချမ်းအေး ဘေးရန်မခ ကမ္ဘောစတိုင်းခန်းရှမ်းပြည်တဝှမ်းရှိသော စိုးမင်းရာဇာတို့သည် ကညာသွီးဆင်ကြီးမြင်းကောင်းခညောင်းပန္နာဆက်သလာကြလေ၏။ တရံရောအခါ မိုင်းမောပြည်ရှင်ဘုရင်ရာဇာခွန်လူးမင်းသည် ဤသို့သော အကြံတော် ဖြစ်ပေါ်လေ၏။ ကမ္ဘောစတိုင်းနိုင်ငံသည် နယ်မြေကြယ်ဝင်း ချင်း–ကရင်–ပုလောင်–တောင်သူ–မနုစသောအစုစုလူမျိုးတို့သည် ရှိခိုးလက်ဆောင်များနှင့် လာရောက်ဘူးမျှော်ကတော့ကြရာ ဂန္ဓာရစခမ်းလမ်းပန်းဝေးကွာသွားလာပေါက်ရော်ဝမ့်သူနည်းပါးကြသည်တကြောင်း တရုပ်ရိုးဒယားမြန်မာနိုင်ငံတို့နှင့်လည်း ကျောကိုင်းနယ်စပ်ဖြစ်၍ သင့်တင့်သောအရပ်ဒေသများနှိုက် သားတော်များကို ငါ၏ ကိုယ်စား ကိုယ်ပွားများပြုလုပ်၍ မြို့ရွာတည်ထောင်စံမြန်းထီးနန်းစိုက်ထူပြီးလျှင် နယ်မြေဒေသခွဲဝေပေးထားခဲ့လျှင် သားတော်အစဉ်မြေးတော်အဆက်မြစ်တော်အညွန့် အခွန့်ရှည်စွာ ပြည်ရွာနိုင်ငံဆက်ခံစိုးမိုဝ်း မျိုးရိုးမပြတ် စိုးစံရပေလတန့်။ သားတော်များလည်း ငါမရှိသည်နောံ အခြင်းခြင်းစိတ်ဝမ်းသဘောကွဲပျား၍ ရာန်မူတိုက်ခိုက်လုယက်ရန်ရှိသည်ကိုလည်း အရံအတားဖြစ်ကြပေလတန့်။ ယွှဲကစ၍ သားတော်များကို နေရာဌာနေခွဲဝေ–နယ်မြေပိုင်းချားစံစားနေထိုင်စေမှ နှောင်မရှုပ်မထွေး မြို့ကျေးပြည်ရွာ ရှည်ကြာတည်တန့် မပျက်မပြား ဆင်းရဲသားပြည်သူ သတ်တဝါသာယာငြိမ်းချမ်း သာယာ၍ တဦးမှာရေးကြောင်းရှိက တဦးကူးလူးစောင့်ရှောက်ထောံမကူညီရလျှင် နှောင်အစဉ် ကမ္ဘာပတ်လုံး မဆုံးသမျှ သားကမြေးမြစ် ဖြစ်ထွန်းကြီးစိုး မျိုးရိုးမတိမ် စည်း

E-book is created by www.shanyoma.org

စိမ်တိုးပွား ခံစားရရန်ရှိသည်ဟူ၍ ဆင်ခြင်အော်မေ့တော်မူရ၍ သားတော်များကို ခေါ် ယူတော်မူပြီးလျှင် ဤသို့အမိန့်တော်ရှိ၏။ သားတော်ကြီးခွန်လဲမှာ အပါးတော်တွင်ထား၍ အဘရိပ်ရာများကို အမွေတော်ခံစေရမည်။ သားတော်ခွန်ခန်းထွန်းမှာ တရုပ်နိုင်ငံနယ်စပ်မြေအရပ်နှိုက် မိုးကောင်း မိုးညှင်း သမုဒ်၍ မြို့ပြရွာပြည်တည်ထောင်စံမြန်းထီးနန်းစိုက်ထူရမည်။ သားတော်ခွန်ခန်းပုံမှာ ရိုးဒယားနယ်စပ်သောမြေအရပ်နှိုက် မိုးနဲ မိုးပြဲ သမုဒ်၍ မြို့ပြရွာပြည်တည်ထောင်စံမြန်းထီးနန်းစိုက်ထူအုပ်စိုးရမည်။ သားတော်အငယ် ခွန်ခန်းစော်မှာ မြန်မာနိုင်ငံနယ်စပ်သောမြေအရပ်ဌာန၌ အုန်းဘောင်ပြည်သမုဒ်တည်ထောင်စံမြန်းထီးနန်းစိုက်ထူနန်းရိပ်မြုကာမိုးအုပ်စိုးစံစားရမည်ဟူ၍ အမိန့်ပေးပြီး သားတော်များကို အသီးသီး လွှက်ဆင်မြင်းလုံးရင်းများစွာဗိုလ်ပါမှုူးမတ်ခွဲဝေပေးအပ်၍ စေလွှတ်တော်မူလိုက်လေ၏။ အမိန့်အတိုင်း အသီးသီး မိမိချွေရန်သင်းပင်းတို့နှင့် သားတော်ခွန်ခန်းထွန်းလည်း မိုးကောင်း မိုးညှင်း တည်ထောင်စံမြန်းထီးနန်းစိုက်ထူလေ၏။ သားတော်ခွန်ခန်းပုံလည်း ရိုးဒယားနယ်စပ် မိုးနဲ မိုးပြဲ တည်ထောင်စံမြန်းထီးနန်းစိုက်ထူတော်မူ၏။ သားတော်ခွန်ခန်းစော်လည်း မိမိလုံးရင်းဆင်မြင်းရဲမင်္ဂချွေရန်မှုူးမတ်များနှင့်ထွက်တော်မူလာခဲ့၍ နီးစပ်ရာမြို့ရွာများ၏ စိုးအုပ်သောလူကြီးများကို ခေါ် ယူစုဝေး၍ သာသနာတော်သက္ကရာဇ် ၄၇၅ လေးရာရှစ်ဆယ်ငါးနှစ်။ တပေါင်းလဆန်း ၁၅ ရက်နေ့တွင် အုန်းဘောင်ပြည်သမုဒ်တည်ထောင်စံမြန်းထီးနန်းစိုက်ထူရိပ်ဖြူကာမိုးစိုးစံတော်မူလေ၏။ အုန်းဘောင်ဘုရင်ခွန်ခန်းစော်မှာ သားတော်အကြီးခွန်ခန်းကော်။ အငယ် ခွန်ခန်းပန်းဟူ၍နှစ်ပါးရှိ၏။ သာသနာတော်သက္ကရာဇ် ၅၀၆ ငါးရာချော်ခုနှစ်တွင် နယ်စပ်ပါယ်စွန်းကျေးလက်မြို့ရွာများတွင် မြန်မာလူမျိုးတို့က ရှမ်းလူမျိုးတို့နှင့်ထွက်ဝင်ရောနှောနေထိုင်ရာ မြို့ရွာမတည်မငြိမ် ရှုတ်ထွေးသောင်းကျမ်းကြ၍ခြင်းတို့ကို နှိပ်ကွတ်စီရင် ပွဲပြင်ဆုမ္မရန် အချားစေလွှတ်ဖြိုဖျက်စေပါက သြဇာအာဏာသေးသိန်သူဖြစ်လျှင် နှိမ်နင်းနိုင်မည်မဟုတ်။ သားတော်ခွန်ခန်းပန်းကို စေလွှတ်မှုဖြစ်မည်ဆို၍ ခွန်ခန်းပန်း ဆင်မြင်းလွှက်ရဲမင်္ဂဗိုလ်ပါလုံးရင်းများစွာပေးအပ်၍ နယ်လှည့်နှိပ်ကွတ်ပြီးလျှင် မိုင်း ၉၉ လုံး ခွဲဝေသတ်မှတ်ပိုင်းချားပေးသနားလေ၏။ ထိုသာသနာသက္ကရာဇ် ၅၀၆ ငါးရာချော်ခုနှစ်။ တပေါင်းလဆန်း ၈ ရက်နေ့တွင် မိုးမိတ်မြို့ကို တည်ထောင်စံမြန်းတော်မူ၏။ ခွန်ခန်းစော်မင်းဖြစ် ၃၅ နှစ် သုံးဆယ်ငါးနှစ် သာသနာတော်သက္ကရာဇ် ၅၂၀ ငါးရာနှစ်ဆယ်ပြည့်တွင် နတ်ပြည်စံတော်မူ၏။ သားတော်ကြီးခွန်ခန်းကော် ဆက်ခံစံမြန်းထီးနန်းစိုးအုပ်တော်မူ၏။ ခွန်ခန်းကော်မှာ သားတော်အကြီး ခွန်ခန်းကွတ် အငယ်ခွန်ခန်းထွင့်ဟူ၍ သားတော်နှစ်ပါးရှိ၏။ ခွန်ခန်းကော်မင်းဖြစ် ၃၃ သုံးဆယ်သုံးနှစ် သာသနာတော် ၅၅၃ ငါးရာငါးဆယ်သုံးနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်ကြီး ခွန်ခန်းကွတ်ဆက်ခံစိုးစံရာ မင်းဖြစ် ၂၆ နှစ်ဆယ်ချော်နှစ်စံမြန်း၍ နတ်ရွာစံရာ ညီတော် ခွန်ခန်းထွင့် ဆက်ခံစိုးမိုးရာ သားတော်ကြီးခွန်ခန်းမှို အလပ်ခွန်ခန်းအုံ အငယ်ခွန်ခန်းဆုံဟူ၍ သားတော်သုံးပါး ဒါးရှိတော်မူ၏။ ခွန်ခန်းထွင့်စိုးအုပ်၍ မင်းလုပ်တော်မူရာ ၃၆ သုံးဆယ့်ချော်နှစ် သာသနာတော် ၆၁၅ ချော်ရာတဆဲ့ငါးနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်ကြီးခွန်ခန်းမှို

E-book is created by www.shanyoma.org

ဆက်ခံစိုးအုပ်ရာ မင်းဖြစ် ၃၃ သုံးဆယ့်သုံးနှစ်စိုးမိုး၍ နတ်ရွာစံတော်မူလျှင် ညီတော်ခွန်ခန်းအုံ ဆက်ခံစိုးစံ၍ မင်းဖြစ် ၁၇ တဆဲ့ခုနှစ်နှစ် သာသနာတော် ၆၇၀ ချော်ရာခုနှစ်ဆယ်ပြည့်တွင် နတ်ရွာစံတော်မူ၏။ ထိုနောံ ညီတော်ခွန်ခန်းဆုံဆက်ခံစိုးစံတော်မူရာ သားတော်ခွန်ခန်းကျော်ဟူ၍ တပါးရှိတော်မူ၏။ ခွန်ခန်းဆုံမင်းဖြစ် ၄၄ လေးဆယ့်လေးနှစ် သာသနာတော် ၇၁၄ ခုနှစ်ရာတဆဲ့လေးနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်ခွန်ခန်းကျော်ဆက်ခံစံမြန်းထီးနန်းစိုးပိုင်တော်မူလေ၏။ ခွန်ခန်းကျော်ကြီးစိုးတော်မူသည်အတွင်း မြန်မာနိုင်ငံသရေခေတ္တရာပျက်ပြား၍ ဆင်းရဲသားမတည်ငြိမ် ကန်းယာန်ပြူလူမျိုးတို့သောင်းကျမ်းထကြွကျေးလက်ရွာငယ်များကို လုယက်ဖျက်ဆီးကြသောကြောင့် မြန်မာပြည်အတည်အကျမရှိသည်နှင့် ခွန်ခန်းကျော်က ယခုအခါ မြန်မာလူမျိုးတို့ခိုကိုးရာမရှိမရ ထားမြလူဆိုးကူးလူးထွက်ဝင်ခြင်းများပြားလှ၍ ဆင်းရဲသားများထိပ်လန့်ရွံ့ကျော်နေကြသည်။ မြန်မာနယ်မြေစပ်တွင် ခံမြို့တည်ထောင်ထားရန်သင့်သည်ဆို၍ အမတ်ကြီးဆိုင်ကွင်းကို အကြီးအမှူးပြုလုပ်အုပ်ချုပ် နယ်စပ်မြေစပ်ပိုင်းချားသတ်မှတ်ရမည်ဟု အမတ်လူကြီးပေါင်း ၁၀၀ တရာ အမတ်လူကြီးတယောံလျှင် အိမ်ချေတရာ ၁၀၀ စီပေးအပ် အိမ်ချေပေါင်း ၁၀၀၀၀ တသောင်းနှင့်အမတ်ဆိုင်ကွင်းကို အအုပ်အချုပ်ပြုလုပ်စေရန် ခန့်အပ်၍ မြန်မာနယ်မြေစပ်တွင် ခံမြို့တည်စေတော်မူ၍ ထိုခံမြို့ကို အမတ်လူကြီးပေါင်း ၁၀၀ တရာတည်ထောင်ပြုစုရသဖြင့် မတ္တရာမြို့ဟူ၍ သမုဒ်စေလေ၏။ သာသနာတော် ၇၂၁ ခုနှစ်ရာတဆဲ့တနှစ်နှိုက် မိုင်းမောမြို့အမတ်မြို့စာရေးတို့က လက်ဆောင်ပန္နာများနှင့်အုန်းဘောင်ဘုရင်ခွန်ခန်းကျော်ထံလာရောံ၍ ယခုမိုင်းမောမြို့မှာ မျိုးဆက်ရာခံသားမြေးမကျန်မရှိ မြို့ကျေးရွာမတည်မငြိမ် တုံလုပ်ချော်ချားနေပါသောကြောင့် မိုင်းမောမြို့ကို အနွယ်တော်မပျက် ဆက်လက်စိုးစံအုပ်ထိန်းရန် သိမ်းပိုက်တော်မူပါဟုလျှော်ထားရာ ခွန်ခန်းကျော်က ဘကြီးတော်ခွန်ခန်းမှုံ၏ သားတော် ခွန်စံမြကို လုံးရင်းလွှက်ရဲမင်္ဂဆင်မြင်းသင်းပင်းကျေးကျွန်ပေးအပ်၍ မိုင်းမောမြို့သို့ စိုးမိုးအုပ်ထိန်းစေရန် စေလွှတ်တော်မူလိုက်၏။ ခွန်ခန်းကျော်မင်းဖြစ် ၃၉ သုံးဆဲ့ချော်နှစ် သာသနာတော် ၇၅၀ ခုနှစ်ရာငါးဆယ်ပြည့်နှစ်တွင် နတ်ရွာစံတော်မူ၍ ရိုးဆက်ရာခံသားသွီးမရှိခဲ့၍ အမတ်လူကြီးတို့က မိုင်းမောမြို့ ခွန်စံမြထံ သွားရောံ တင်လျှောက်မင်းကိုတောင်းခံရာ ခွန်စံမြက အုန်းဘောင်မြို့မှာ ဆက်ခံစံမြန်းမည့်သူမရှိမှီ အမတ်ဆိုင်ကွင်း၏ သား ပေါ် အိုက်ဖြူကို အရေးပိုင်ခန့်အပ်တင်မြော်၍ အုပ်ချုပ်စီရင်စေဟူ၍ အမိန့်ပေးတော်မူသည်နှင့် အမတ်လူကြီးတို့ပြန်လာ ပေါ် အိုက်ဖြူကို အရေးပိုင်တင်မြော်၍ ပြည်ရွာနိုင်ငံကို အုပ်စိုးစေ၏။ သာသနာတော် ၇၅၂ ခုနှစ်တိုင် ရောံသောအခါ ပေါ် ကံမြို့တည် သမုဒ္ဒရာဇ်မင်းက ငါတို့မှာ ဦးရီးတော်သရေခေတ္တရာပြည်ရှင်ဘုရင်သုပညာနဂရဆိန္နမင်းနတ်ပြည်စံတော်မူသည်နောံ ကန်းယာန်ပြူလူမျိုးတို့သောင်းကျမ်းထကြွလုယက်ဖျက်ဆီးသည်နှင့် သရေခေတ္တရာပျက်ပြား ဆင်းရဲသားမတည်ငြိမ် နှစ်ပေါင်း ၁၃ တဆဲ့သုံးနှစ် မင်းမရှိဘဲလစ်လပ်၍နေသည်။ ရုံလွှတ်ကျွန်းတွင် တိုင်းပြည်တည်ထောင်ရန်ပြုစုရာလည်း ရွာပေါင်း ၁၉ တဆဲ့ကိုးရွာသာ စုမိ၍ ပြူကမ်းယာန်တို့ ထပ်မံနှောင့်ရှက်ဖျက်ဆီးခြင်းရှိသည်ကို တိုင်းကြီးပြည်ကြီး

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တို့ကို ပေါင်းသင်းဆက်ဆံ၍ လုံးရင်းလွှက်ရဲမင်္ဂဗိုလ်ပါစစ်သားများတောင်းယူကူညီစေမှ ငါတို့ပြည်ရွာသာယာငြိမ်ဝပ်၍ အဓွန့်ရှည်စွာ ပြည်ရွာမြို့ထာဝရဖြစ်ထွန်းရန်ရှိမည်။ ယွှုအခါ အုန်းဘောင်ပြည်အရေးပိုင်ပေါ် အိုက်ဖြူမှာ နိုင်ငံကြယ်ဝင်း ဆင်မြင်းလွှက်ရဲမင်္ဂထမ်းသားများပြားပြည့်စုံ အစွမ်းသတ္တိရှိသော မှုထမ်းသားသူရဲကောင်းများလည်း ပြည့်စုံသည်။ လက်ရုံးလက်မောင်းကောင်းသဖြင့် ဘုန်းတန်းခိုးအာဏာစူးရှသဖြင့် တိုင်းတပါးတို့ ခန့်ညားရွန့်ကျော့ကြသည်သို့နှင့် ပေါ် အိုက်ဖြူကို စုံမင်္ဂဆက်ဆံ ၂ ပြည်တပြည်ချစ်ကြည်၍ ကူညီစေရန် ကြိုးကြောင်းနှင့်တကွ နေတားကြပြောဆိုနိုင်မည့်သူလိမ္မာရေးချားသောလူရွေးချယ်၍ ပေါ် အိုက်ဖြူထံစေလွှတ်ရမည်ဟု အမိန့်တော်ရှိ၍ ကျွမ်းကျင်စကားရေးချားချယ်လယ်နိုင်သော ဘဒ္ဒသေနအမတ် ဘဒ္ဒဝဏ္ဏအမတ်တို့ကို လက်ဆောင်ပဏ္ဏာသဝဏ်စာများ ပေးအပ်စေလွှတ်ရာ ပေါ် အိုက်ဖြူထံလာရောက်လက်ဆောင်စာလွှာများကို ပေးဆက်တင်ပြပြီးလျှင် ရှင်ကြည်စကားလျှော့ထားသည်မှာ ယွှုအခါ မြန်မာနိုင်ငံတော်အစိုးရသော ပေါ် ကံရာမပြည်ရှင်ဘုရင်သမုဒ္ဒရာဇ်မင်းက အုန်းဘောင်ပြည်နှင့်ချစ်ကြည်ဆက်ဆံ၍ တဦးရေးကြောင်းရှိလျှင် တဦးက အထူးစောင်မကြည့်ရှု တပြည်နှင့်တပြည် အရှည်ထာဝရ သားကမြေးမြစ် အချစ်မေတ္တာကမ္ဘာပတ်လုံးမဆုံးသမျှ ကိစ္စရှိရာ ညီညာထော်ကူပါမည်အကြောင်းနှင့် စေလွှတ်၍ လာရောက်ရပါကြောင်း လျှော့ထားသောအခါ ပေါ် အိုက်ဖြူက ငါတို့မှာ မြန်မာဘာသာစကားလည်း မသိနားမလည် မြန်မာပြည်နှင့်လည်း ရင်းနှီးပေါင်းသင်းခဲ့ဘူးသည်မရှိ ယခုမှ မြန်မာနိုင်ငံသမုဒ္ဒရာဇ်မင်းနှင့်မိတ်ဆက်ပေါင်းသင်းရန် ခဲခက်ပါ၏ ဟူ၍ ပြန်ပြောရာ ထိုအခါ ဘဒ္ဒသေနအမတ် ဘဒ္ဒဝဏ္ဏအမတ်တို့က သမုဒ္ဒရာဇ်မင်းနှင့်ချစ်ခင်ပေါင်းသင်းကြလျှင် လိုအင်ဆန္ဒရှိသမျှ ပြည့်စုံရန် အကြောင်းရှိပါသည်။ ယွှုလို တိုင်းပြည်ပိုင်မင်းလူချင်းခြင်းမဆိုထားဘိ ရှေးသရောအခါ ဟိရညကကြွက်မင်းနှင့်စိတြဂီဝါခိုမင်းတို့သည် အမျိုးလည်းမတူ လူလည်းမဟုပ်ကြဘဲ တဦးနှင့်တဦးမိတ်ဖွဲ့ပေါင်းသင်းကြ၍ အခြင်းရှိရာညီညာထော်ကူကြသောကြောင့် ခိုမင်းတို့သည် ဘေးဥပါတ်ဘေးရန်မှ လွှတ်ကင်းဘူးသည် တိုင်းပြန်ကွင်းမိသောတောတရိစ္ဆာန်ရွှေသမင်သည် ခင်ပွန်းကောင်းရွှေကျီးညိုနှင့်မိတ်ဆက်၍ ရွှေကျီးညိုက သညာညာဏ်ပေး၍ အသက်ဘေးမှ ချမ်းသာလွှတ်ကင်းဘူးကြောင်း ထုံးဟောင်းသက်သေသာဓကရှိပါသည်။ ယွှုမှာ တိုင်းပြည်နိုင်ငံကို အစိုးရသောလူမင်းခြင်းဖြစ်ကြသည်အတိုင်းကိုင်းကျွန်းမှီကျွန်းကိုကိုင်းမှီ ကူညီမှုင်းမရကြလျှင် တဘက်သားရန်ရပ်ခံတုဘက်နိုင်ရန်မရှိ သမုဒ္ဒရာဇ်မင်းမှာ အခင်းကိစ္စရှိလျှင် အုန်းဘောင်ပြည်အင်အားနှင့်ဘိစီးနှိပ်ကွတ် အုန်းဘောင်ပြည်က အခင်းကိစ္စရှိခဲ့လျှင်လည်း မြန်မာပြည်အင်အားနှင့်ဘက်စပ်နှိပ်ကွတ်ပါက တဘက်သားရန်ခံနိုင်ဘွယ်မရှိ။ အခင်းရှိရာစာပေးရေးသားကြောင်းကြားပါလျှင် ကူညီထော်ပင့်သောအားဖြင့် ဘေးရန်ကင်း၍ ပြည်တွင်းပြည်ပသာယာငြိမ်းချမ်း ရဟန်းရှင်လူပြည်သူသတ္တဝါသာယာဝပြောရန်အကြောင်းရှိပါသည်ဟု ထပ်မံလျှော့ထားရာ အုန်းဘောင်အရေးပိုင်မင်းပေါ် အိုက်ဖြူက နှစ်သက်၍ အမတ်တို့လျှော့သောစကားအတိုင်းမှန်လျှင် မြန်မာတို့နှင့်ပေါင်းသင်းဆက်ဆံရန်သင့်သည်ဆို၍ ညီဖြစ်သူပေါ် ပန်းကို လာရင်းအမတ်တို့နှင့်ဘက်တည့်

ဆင်းသွားပြီး မြန်မာတို့၏ အလေ့အထ အနေအထိုင် ခရိုင်နယ်ပယ်များကို စုံစမ်းစေ၏။ သမုဒ္ဒရာဇမင်းလည်း ပါလာသောပေါ် အိုက်ဖြူညီ ပေါ်ပန်း အားရရွှင်လမ်းဝမ်းမြောက်ဝမ်းသာရှိအောင် လက်ဆောင်အဖြစ် ရွှေသပြာ ၁၀၀ တရာ ငွေသပြာ ၁၀၀၀ တထောင် နွားထီးမကောင်ရေ ၁၀၀ တရာ ကျွဲထီးမကောင်ရေ ၁၀၀ တရာ ခါသာအုပ်မျိုးပိုးဘဲကတ္တီပါများစွာသနားတော်မူ၍ ယွှင်ါ တို့ပြည်မှာ ကန်းယာန်လူမျိုးပြူလူမျိုးတို့က ရန်မူနေသဖြင့် မျိုးဖြုတ်နှိပ်ကွတ်တိုက်ခိုက်ဖျက်ဆီးရန် အုန်းဘောင်ပြည်အရေးပိုင်ကြီးထံ ကျိုးကြောင်းပြောဆိုလျှော်ထားရန် ပြောဆိုမှာထားပြီး ပြန်လွှတ်လိုက်၏။ ပေါ်ပန်းလည်း သမုဒ္ဒရာဇမင်းမှာဆိုသည့်အတိုင်း ရခဲ့သောလက်ဆောင်ပန္နာများကို အရေးပိုင်ပေါ် အိုက်ဖြူကို ဆက်အပ်အရပ်ရပ်စကားကို လျှော်ထားလျှင် ပေါ်ပန်းစကားကို အားရနှစ်သက်သောကြောင့် လူလွှက်ရဲမက်စစ်သားအများစုဆောင်း၍ ကာမနိစန္ဒအမတ်ကို အုပ်ချုပ်စေ၍ မြန်မာနိုင်ငံဆင်းသွားကူညီတိုက်ခိုက်စေသောကြောင့် ပြူကန်းယာန်လူမျိုးတို့အမြောက်အများ သေကြေပျက်စီးပျက်စီးထွက်ပြေးကုံ၍ အရေးပြေငြိမ်းပိပြားလေ၏။ ထိုအခါ သမုဒ္ဒရာဇမင်းက တိုင်းပြည်ပြန်ရပြီး အုန်းဘောင်မင်းနှင့်မိတ်ဆက်ဖွဲ့ထားလေ၏။ ပေါ် အိုက်ဖြူအရေးပိုင်မင်းဖြစ် နှစ်ပေါင်း ၃၀ သုံးဆယ်ရရှိက ကွယ်လွန်လေ၏။ ထိုအခါ အမတ်လူကြီးများက မိုင်းမောမြို့ခွန်စံမြသားတော်သိုဟုံဘွားထံ ပေါ် အိုက်ဖြူကွယ်လွန်၍ အုန်းဘောင်ပြည်အုပ်ထိန်းသူမရှိကြောင်းလျှော်ထားရာ သိုဟုံဘွားက ပေါ် အိုက်ဖြူသား ပေါ်ရှုံးကို အဘရိပ်ရာခဲသို့အုန်းဘောင်အရေးပိုင်တင်မြောက်ခန့်အပ်၍ အုပ်ထိန်းစေဟူ၍ အမိန့်တော်ရှိရာ ပေါ်ရှုံးကို အရေးပိုင်တင်မြောက်စိုးအုပ်စေ၏။ ပေါ်ရှုံးအရေးပိုင်မင်းဖြစ် ၂၉ နှစ်ဆယ်ချော်နှစ်ကွယ်လွန်၍ ပေါ် အိုက်ဖြူညီ ပေါ်ပန်းက အုန်းဘောင်မြို့ကို စီးနှင်းမင်းလုပ်၍နေသည်မှာ ၄ လေးနှစ်ရရှိသောအခါ သာသနာတော် ၇၀၀ ရှစ်ရာပြည့်နှစ်တွင် မိုင်းမောမြို့သိုဟုံဘွားသားတော်သိုပံဘွားက အုန်းဘောင်ပြည်မှာ ပေါ်ပန်းစီးနှင်းမင်းလုပ်၍နေကြောင်း ကြားသိရ၍ လွှက်လုံးရင်းဆင်မြင်းရဲမက်အများ စေ့ကြပ်၍ ချီထွက်တော်မူလာရာ ပေါ်ပန်းလည်း သိုပံဘွား၏ ဘုန်းတန်းခိုးတော်ကို ကျော်ရွှန့်၍ မခုခံဘဲ ကျိုးနွံကြိုယူပြီး နန်းတင်အပ်ပေးလိုက်လေ၏။ သိုပံဘွားလည်း ပေါ်ပန်းကို အပြစ်မပေးအရေးမထားဘဲ ချမ်းချမ်းသာပေးပြီး အုန်းဘောင်ပြည်ကို ဆက်ခံစံမြန်းထီးနန်းစိုးအုပ်တော်မူလေ၏။ သိုပံဘွားမင်းဖြစ် ၅၂ ငါးဆယ်နှစ်နှစ် သာသနာတော် ၇၅၂ ရှစ်ရာငါးဆယ်နှစ်နှစ်တွင် နတ်ရွာစံတော်မူ၏။ မိုင်းမောမြို့က သိုပံဘွားညီတော်သိုဝယ်ဘွားသည် နောင်တော်များနှင့် သဘောကွဲလွဲကြ၍ ညီတော်အငယ်သိုကျင်ဘွားကို ယူဆောင်ပြီး အုန်းဘောင်ပြည်သို့လာရောက်လေ၏။ ထိုအခါ သိုဝယ်ဘွားက ဘဒွေးတော်တို့အား တိုင်းမှုရေးရာအဖြာဖြာအရပ်ရပ်ကို ပုံရိုလွှဲအပ်စီရင်စေ၏။ သိုဝယ်ဘွားမင်းဖြစ် ၃၇ သုံးဆယ်ရှစ်နှစ်နတ်ရွာစံ၍ ညီတော်သိုကျင်ဘွားဆက်ခံစိုးစံရာ ၃၉ သုံးဆယ်ကိုးနှစ် သာသနာတော် ၉၆၃ ကိုးရာချော်ဆယ်သုံးနှစ်တွင် နတ်ရွာစံတော်မူ၏။ သိုကျင်ဘွားသားတော် သိုဟုံဘွား ဆက်ခံစံစိုးတော်မူ၏။ ညီတော် သိုပတ်ဘွားကို ၈ ရှစ်နှစ်ရွယ်ကပင် အိမ်ရှေ့ကျမိုင်းအရာခန့်ထားတော်မူ၏။ သတ္တဝါအများဆင်းရဲသားတို့ လုပ်စားရစေခြင်း

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ငါ့ ကမ္ဘာပတ်လုံးမဆုံးသမျှ ဒါနမြဲခိုင်ရိမ်းရှိင်မရှိ ပကတိသာတည်အံ့ငါ့ဟု လယ်ယာဆည်မြောင်း ကောင်းမွန်စွာ တည်ထွင်ဆောက်လုပ်စေဟုအမိန့်တော်ရှိသောကြောင့် မြို့မြော်ဘက်နံ့ပေါ်ချောင်း ကို ဆည်ခံတည်ဆောက်၍ နံ့မိန်ရေချောင်းကို တူးဖောက်ပြီး လယ်စပါးမျိုးကြ ၅ဝ အတင်းငါး ဆယ်ကို တည်ထွင်ကျင်းလုပ်စေတော်မူ၍ တနှစ်တချားတနှစ်တပါးတိုးပွါးချဲ့ထွင်စေ၍ ကျွဲးစပါး မျိုးကြစားစရိပ်ကြေးငွေပေးမထော်ပံ့၍ လုပ်ဆောင်တော်မူစေ၍ သိုဟုံဘွားမင်းဖြစ် ၄၅ လေး ဆယ်ငါးနှစ် သာသနာတော် ၁၀၀၈ တထောင်ရှစ်ခုနှစ်၌ နတ်ရွာစံတော်မူ၏။ ညီတော်အိမ်ရှေ့ ကျမိုင်းသိုပတ်ဘွားဆက်ခံစံစိုးတော်မူရာ သားတော်အကြီးသိုပိုက်ဘွားအငယ် သိုပေါ် ဘွားဟူ၍ ၂ ပါးရှိ၏။ သိုပတ်ဘွားမင်းဖြစ် ၃၅ သုံးဆယ်ငါးနှစ်နတ်ရွာစံ၍ သားတော်ကြီးသိုပိုက်ဘွားဆက် ခံစိုးမိုးရာ ၁၇ တဆဲ့ခုနှစ်နှစ် သာသနာတော် ၁ဝ၆ဝ ပြည့်နှစ်တွင် နတ်ရွာစံတော်မူ၍ ညီတော်သို ပေါ် ဘွား ဆက်ခံစံစိုးတော်မူ၍ မြို့အရှေ့ဘက်တွင် လယ်မျိုးအတင်း ၁၀ဝ တရာဝင်တည်ထွင် တင်းလုပ်စေ၍ မင်းဖြစ် ၃၅ သုံးဆယ်ငါးနှစ် သာသနာတော် ၁၀၉၅ နှစ်တွင် နတ်ရွာစံတော်မူ၏။ တောင်တော်သိုပိတ်ဘွားသားတော် သိုကော်ဘွားဆက်ခံစံစိုးရာ နှစ်ပေါင်း ၂၂ နှစ်ဆယ်နှစ်၌ နတ် ရွာစံ၍ ညီတော်သိုပိန်ဘွား ဆက်ခံစိုးမိုးရာ မိုင်းလင်းရွာတွင် လယ်ခင်းမျိုးဝင်အတင်း ၂၀ဝ အ တင်းနှစ်ရာတည်ကျင်းစေတော်မူ၍ ဆင်းရဲသားတို့လုပ်စားထမ်းဆောင်စေရမိန့်ချထားတော်မူ သည်။ မင်းဖြစ် ၃၄ သုံးဆယ်လေးနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်သိုကျင်ဘွား ဆက်လက် စိုးစံတော်မူရာ နံ့မရွာတွင် လယ်မျိုးတင်း ၁၀ဝ ကျောင်းခန်းရွာတွင် မျိုး ၅ဝ အတင်းငါးဆယ် ဝင်တည်ထွင်လုပ်ကျင်း၍ ဆင်းရဲသားများလုပ်စားထမ်းဆောင်စေရန် ချထားတော်မူ၏။ သိုကျင် ဘွားမင်းဖြစ် ၂၅ နှစ်ဆယ်ငါးနှစ်တွင် နတ်ရွာစံ၍ ညီတော်သိုဟံဘွားဆက်ခံစိုးမိုးရာ မင်းဖြစ် ၂၂ နှစ်ဆယ်နှစ်နှစ် သာသနာတော် ၁၁၈၀ တထောင်တရာကိုးဆယ်ရှစ်နှစ်တွင် နတ်ရွာစံတော်မူလျှင် သားတော်သိုပြင်ဘွား ဆက်ခံစံစိုး၍ တာဟွန်းလမ်းကို နွားလားဝံတင်ချေလျှင်ပုခုံးထမ်းတို့ကူး သန်းသွားလာသာယာလေအောင် တူးဖောက်ပြင်ဆင်တော်မူစေ၏။ သိုပြင်ဘွားမင်းဖြစ် ၃၃ သုံး ဆယ်သုံးနှစ် သက္ကရာဇ် ၄၉ လေးဆဲ့ကိုးနှစ် သာသနာတော် ၁၂၃၁ တထောင်နှစ်ရာသုံးဆယ်တနှစ် တွင် နတ်ရွာစံတော်မူ၏။ ဘဒွေးတော်သိုဟစ်ဘွားဆက်ခံ ၂၄ နှစ်ဆယ်လေးနှစ် သားတော်သို စော်ဘွား ၂၇ နှစ်ဆယ်ခုနှစ်နှစ်ဆက်ခံစိုးပိုင်၍ သက္ကရာဇ် ၁၀၀ တရာပြည့် သာသနာတော် ၁၂၈၂ တထောင်နှစ်ရာရှစ်ဆယ်နှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်သိုဟော်ဘွားဆက်ခံစိုး အုပ်တော် မူ၏။ ဂုတ္တိပ်လမ်းလည်း သွားလာသာယာအောင် တူးဖောက်ပြင်ဆင်တော်မူစေ၍ ဘက်ကြီးရွာ အရပ်တွင် လယ်မျိုးဝင်အတင်း ၅ဝ ငါးဆယ်တည်ကျင်းလုပ်ဆောင်စေတော်မူ၏။ သိုဟော်ဘွား မှာ သားတော်အကြီးသိုဟွံဘွားအငယ်သိုအုံဘွား နှစ်ပါးရှိတော်မူ၏။ မိုင်းတင်းအရပ်တွင် သိုဟွံ ဘွားနှင့်သိုအုံဖွားညီတော်နှောင်တော်တို့သည် လယ်မျိုးကျတင်းပေါင်း ၂၀ဝ နှစ်ရာတည်ထွင် ကျင်းလုပ်၍ လယ်ရပ်မပိုင်းချားဘဲ နောင်တော်ကျေးကျွန်များတည်ထွင်သောလယ်ရပ်များကို နောင်တော်သိုဟွံဘွားက မိုင်းတင်းရွာကို လုပ်စားထမ်းဆောင်စေရန် ချအပ်ပေးထားသည် ညီ

တော်သိုအုံ့ဘွားကျေးကျွန်များခူထွင်လုပ်ဆောင်သောလယ်ရပ်ကို မိုင်းတင်းမအပ်မပေးဘဲ မိမိငွေပေးဝယ်ယူထားသောကျေးကျွန်တို့ကို လုပ်ကိုင်စေရန် ချအပ်ထားသဖြင့် အိုးအိမ်တည်ထောင်ဆောက်လုပ်နေစေ၍ လယ်ကို လုပ်ဆောင်စေသောကြောင့် ယခုတိုင် မိုင်းတင်းနှင့်ဘကာလယ်ရပ်ထွက်ဝင်ရှုပ်ထွေး၍နေ၏။ သိုအုံ့ဘွားကျွန်ပိုင်များနေသောရွာကို ရှမ်းဘာသာဖြင့် "မန်ခါ"မြန်မာဘာသာဆိုသော် "ကျွန်"ဟူ၍ပေါ် ရော်သည်။ ခမည်းတော်သိုဟော်ဘွားမင်းဖြစ် ၂၂ နှစ်ဆယ်နှစ်နှစ် သက္ကရာဇ် ၁၂၂၃ ခု သာသနာတော် ၁၃၀၄ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ သားတော်အကြီးသိုဟုံ့ဘွားဆက်ခံစိုးမိုးရာ ၃၆ သုံးဆယ်ချော်နှစ် သက္ကရာဇ် ၁၅၈ တရာငါးဆယ်ရှစ်ခု သာသနာတော် ၁၃၄၀ ပြည့်နှစ် နတ်ရွာစံတော်မူ၍ ညီတော်သိုအုံ့ဘွားဆက်ခံစိုးပိုင်ရာ ကျွဲကုန်းရွာတွင် လယ်မျိုးတင်း ၅၀ ငါးဆယ်ဝင်တည်ထွင်ခူလုပ်စေတော်မူ၍ ကျွဲကုန်းရွာသားများလုပ်ကိုင်ထမ်းဆောင်စေရန် ချအပ်ထားတော်မူ၏။ သိုဟုံ့ဘွားမင်းဖြစ် ၁၈ တဆဲရှစ်နှစ် သက္ကရာဇ် ၁၇၆ ခုနှစ်တွင် နတ်ရွာလား၍ ဘဒွေးတော်သိုပတ်ဘွားဆက်ခံစိုးအုပ်တော်မူ၍ မိုးတေရွာတွင် လယ်မျိုးကျတင်း ၃၀ဝင်ပင့်နိုရွာတွင် လယ်မျိုးကျတင်း ၂၀ နှစ်ဆယ်ဝင်တည်ထွင်ခူလုပ်စေ၍ ဆင်းရဲသားတို့ကို ချထားတော်မူခဲ့သည်။ သိုပတ်ဘွားမင်းဖြစ် ၄၆ လေးဆယ်ချော်နှစ် သက္ကရာဇ် ၂၂၂ ခု သာသနာတော် ၁၄၀၄ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ သားတော်သိုခက်ဘွားဆက်ခံစံမြန်းတော်မူရာ နားပိန်းရွာတွင် လယ်မျိုးကျ ၂၀ အတင်းနှစ်ဆယ်ဝင်ခူကျင်းလုပ်ဆောင်စေ၍ ရွာသားတို့အား ချအပ်ထားတော်မူ၏။ သိုခက်ဘွားမင်းဖြစ် ၃၇ နှစ် သက္ကရာဇ် ၂၅၉ ခု သာသနာတော် ၁၄၄၁ ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်သိုထံဘွား ဆက်ခံစံစားရာ ၁၅ ဆယ်ငါးနှစ် ညီတော်သိုဝယ်ဘွား ၃၅ သုံးဆဲ့ငါးနှစ် သက္ကရာဇ် ၃၀၉ ခု သာသနာတော် ၁၄၉၁ ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်သိုခင်ဘွားဆက်ခံစံမြန်းတော်မူ၏။ တာဖလဲဆိတ်ကမ်းကို နွားလါးဝံတင်ချေလျှင်ပုခုံးတို့ သွားလာသာအောင် တူးဖောက်ပြင်ဆင်စေတော်မူ၏။ ပင်ပေါ်ရွာတွင်လည်း လယ်မျိုးကျတင်း ၂၀ နှစ်ဆယ်ဝင်ခူလုပ်ကျင်း၍ ဆင်းရဲသားများကို ဝေငှလုပ်ကိုင်စေ၏။ သိုခင်ဘွားမင်းဖြစ် ၇ ခုနှစ်နှစ် သက္ကရာဇ် ၃၁၆ ခု သာသနာတော် ၁၄၉၈ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ ဘကြီးတော်သိုမော်ဘွား ၁၄ နှစ်ဆက်ခံ၍ သားတော်သိုစွန်ဘွားဆက်ခံရာ ၂၈ နှစ်ဆက်ခံစံရာ နတ်ရွာစံ၍ သားတော်သိုစုံဘွား ဆက်ခံစိုးအုပ်ရာ မြို့အနောက်ဘက်တွင် လယ်မျိုးကျတင်း ၃၀ သုံးဆယ်ဝင်တည်ထွင်ခူလုပ်စေတော်မူ၏။ သိုစုံဘွားမင်းဖြစ် ၃၂ သုံးဆယ်နှစ် သက္ကရာဇ် ၃၉၀ သာသနာတော် ၁၅၇၂ ခုတွင် နတ်ရွာစံတော်မူ၍ သားတော်သိုအုံ့ဘွားဆက်ခံစိုးမိုးရာ ဂုတ္တိတ်ရွာတွင် လယ်မျိုးကျအတင်း ၅၀ ငါးဆယ်ဝင်ခူကျင်းလုပ်ဆောင်စေ၍ ရွာသားများလုပ်စားထမ်းဆောင်စေရန် ချအပ်ထားတော်မူ၏။ သိုအုံ့ဘွားမင်းဖြစ် ၃၆ သုံးဆဲ့ချော်နှစ် နတ်ရွာစံ၍ မြေးတော်သိုရစ်ဘွားဆက်ခံစိုးစံရာ ချဿီရွာတွင် မျိုးကျတင်း ၅၀ ငါးဆယ်ဝင် ပေါ်ကြိုရွာမှာလယ်မျိုးကျတင်း ၁၀၀ တရာဝင်တည်ကျင်းခူထွင်စေ၍ ဆင်းရဲသားတို့အား ချအပ်ထားတော်မူ၏။ သိုရစ်ဘွားမင်းဖြစ် ၂၂ နှစ်ဆယ်နှစ် သက္ကရာဇ် ၄၄၈ ခု သာသနာတော် ၁၆၃၀ ပြည့်နှစ်တွင် နတ်ရွာစံ၍သားတော်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သိုဟ့်ဘွားဆက်ခံ၍ စည်မွန်ရွာတွင် လယ်မျိုးကျတင်း ၂၀၀ နှစ်ရာဝင်တည်ထွင်ခူကျင်းစေ၍ ဆင်းရဲသားများလုပ်ကိုင်ထမ်းဆောင်စားသော်စေရန်ချအပ်ထားတော်မူ၏။ သိုဟ့်ဘွားမင်းဖြစ် ၃၃ နှစ်နတ်ရွာစံရာ သားတော်သိုစံဘွားဆက်ခံစိုးအုပ်၍ ပေါ်ကြိုတွင် သီရိမမ္ဗာသောကပြုစုထားသောကုသိုလ်တော်တန်းဆောင်းတော်ဘုရားစေတီတော်များပျက်စီးရှိုးရှင်း၍ ပြင်ဆင်လုပ်ဆောင်စေတော်မူ၏။ သိုစံဘွားမင်းဖြစ် ၁၈ နှစ် သက္ကရာဇ် ၄၄၉ ခု သာသနာတော် ၁၆၇၁ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ ညီတော်သိုသောင်ဘွားဆက်ခံ၍ မရီးတော်သီရိနှင်းခန်းနှင့်စုံဘက်စိုးစံတော်မူ၏။ သိုသောင်ဘွားမင်းက အုန်းဘောင်ဒေသနှိုက် နွေလအခါ အလွန်ပူပြင်းသည် မိုးဥတုအခါသာနေရန်ကောင်းသည် ဆောင်းဥတု၌လည်း အလွန်ချမ်းသေည် မိုးမိတ်မြို့မှာ အလွန်ပူသောအရပ်ဒေသဖြစ်၍ ဆောင်း ၄ လတွင် နေထိုင်ရန်ကောင်းသောကြောင့် စံမြန်းနေထိုင်ရန် နံ့မြစ်နံ့မောင်းစပ်ကြားတွင် ဟော်နန်းဆောက်လုပ်စေဟု အမိန့်တော်ရှိရာ အမတ်ကြီးကွင်းမိုင်းဘာဆိုင်မြို့စာရေးလဲအူမိုင်းတို့သွားရော်ကြပ်မစေ၍ အုပ်ရိုးရဲခိုတို့နှင့်တကွ သက္ကရာဇ် ၅၀၂ ခု ဝါဆိုလဆန်း ၅ ရက်နေ့ရွှေပနက် ငွေပနက်ချမှတ်ပြီး စံနန်းဆော်လုပ်ကြလေ၏။ သိုသောင်ဘွားမင်းက ဆောင်းဥတု၌ မိုးမိတ်စံနန်းတွင် စံတော်မူ၏။ နွေဥတု မိုးဥတုကြမှ အုန်းဘောင်နန်းတော်သို့ပြန်လာစံမြန်းတော်မူ၏။ သိုသောင်ဘွားမင်းမှာ သားတော်အကြီး ခွန်သို အလပ်ခွန်းခန်းပန်း အငယ်ခွန်ခန်းကွတ်ဟူ၍ သား ၃ါးသုံးပါးရှိ၏။ သိုသောင်ဘွားမင်းဖြစ် ၂၆ နှစ် သက္ကရာဇ် ၅၂၅ ခု သာသနာတော်တော် ၁၇၀၇ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ သားတော်ကြီးခွန်သိုဆက်ခံစိုးမိုးရာ ညီတော်ခွန်ခန်းပန်းကို ကုရုရာဇာမဟာသိုဟုံဘွားဘွဲ့ပေးသနားတော်မူ၍ အိမ်ရှေ့ကျမိုင်းရာထူးကို ခန့်အပ်တော်မူ၍ အရာရာမြို့ကိုစီရင်ဆုံးဖြတ်လွှဲအပ်တော်မူ၏။ ညီတော်ခွန်ခန်းကွတ်လည်း မိုးမိတ်မြို့ခမည်းတော်သိုသောင်ဘွားစံမြန်းသော ဟော်နန်းကို ပေးအပ်ပိုင်စိုးစေ၍ ၉၉ ခရိုင်အတွင်းသွင်းထားလေ၏။ ခွန်သိုမင်းတွင် သားတော် ခွန်ဘဲးတပါးရှိ၏။ မိုးမိတ်ခွန်ခန်းကွတ်မှာလည်း သ္မီးတော်နန်းအင်ဆုံတပါး သားတော်သိုကျင်ဘွားတပါး သားသ္မီး ၂ ပါးရှိ၏။ ညီတော်ကျမိုင်းကုရှုရာဇာမဟာသိုဟုံဘွားလည်း ခမည်းတော်သိုသောင်ဘွားခဲ့သို့တချားတပါးသောရပ်ကွက်ဒေသများနှိုက် နွေလအခါ စံမြန်းနေထိုင်ရန် ရွေးချယ်၍ စံနန်းဆော်လုပ်စေဟု အမိန့်ရှိ၍ အမတ်ဆိုင်ကွင်းမိုင်းက အုန်းဘောင်မြို့တော်နှင့်မနီးမဝေးခရီး ၂၀၀၀၀ နှစ်သောင်းကျော်ခန့်ကွာ မြေမျက်နှာသန့်ရှင်း၍ တောင်လမောင်းခင်တန်းဝိုက်သန်းကာရန်လျက် နွေလအခါ မပူမပြင်းလေညင်းသုတ်ဖြန်းချေမ်းမည်လက္ခဏာရှိကြောင်း တင်လျှော်ရာ အိမ်ရှေ့မင်းက သို့ဖြစ်လျှင် ၎င်းဒေသရပ်ကွက်၌နီးစပ်သော ကျေးရွာများကတောပုတ်ချုံနွယ်များခုတ်ထွင်ရှင်းလင်းစေပြီး စံနန်းဟော်တော်ဆော်လုပ်စေရမည်။ တောချုံသုတ်သင်စံနန်းဟော်တော်ဆော်လုပ်ရသောရွာများမှာ အသေးအဖွဲ့အခွဲအခန့်မရှိဘဲ လွတ်ငြိမ်းချမ်းသာပေးစေအမိန့်တော်ရှိသောကြောင့် နီးစပ်၍စေခိုင်းရန်မည်ကျေးရွာများကို စာရင်းကော်စစ်ရာ သူကြီးပေါင်း ၅၈ ရွာရရှိ၍ ထိုစာရင်းပါကျေးရွာများကို ဆင့်ဆို၍ တောချုံသစ်ပင်ခုတ်ထွင်ရှင်းလင်းပြီးစံနန်းဟော်တော်ကို ဆော်လုပ်စေပြီးလျှင်

နေ့ဥတုအတွင်းပူပြင်းသည့်အခါ ဂုရှုရာဇာမဟာသိုဟုံဘွားသည် ထိုစံနန်းတော်သို့ကြွရောက်စံမြန်း၏။ ၎င်းစံနန်းတော်တွင်သွား၍ စံမြန်းနေသည့်အခိုက် တောင်တပြင်အရပ်ရပ်စော်ဘွားမြို့စားများက မြို့ရွာရေးကြောင်းဆိုးကောင်းစကားဆွေးနွေးရန် စုဝေးလာရောက်လျှောက်ထားကြသည်နှင့် ထိုသို့စုဝေးလာရောက်ဆွေးနွေးကြသည်ကို အစွဲပြု၍ သက္ကရာဇ် ၅၃၅ ခု သာသနာတော် ၁၇၁၇ ခု ဝါဆိုလဆန်း ၅ ရက်နေ့တွင် ထိုမြို့ကို မိုင်းတုံ မိုင်းတုံဟူ၍ သမုဒ်တော်မူလေ၏။ ဂုရှုရာဇာမဟာသိုဟုံဘွားလည်း နေ့ဥတုအခါ မိုင်းတုံ မိုင်းတုံဟော်နန်းတွင် စံမြန်း၏။ ဆောင်းဥတုအခါ မိုင်းခိုးအရပ်တွင် စံနန်းဆောက်၍ စံတော်မူ၏။ မိုးဥတုအခါ အုန်းဘောင်မြို့ဟော်နန်းသို့ပြန်လာစံမြန်းတော်မူ၏။ နောင်တော်ခွန်သိုမင်းဖြစ် ၄၂ နှစ် သက္ကရာဇ် ၅၉၇ ခု သာသနာတော် ၁၇၄၉ ခုနှစ်တွင် နတ်ရွာစံတော်မူ၍ ဂုရှုရာဇာမဟာသိုဟုံဘွားဆက်ခံစံမြန်းတော်မူ၏။ ဂုရှုရာဇာမဟာသိုဟုံဘွားဆက်ခံရာ ပုံဝိုးပင်စံရွာတွင် လယ်မျိုးကျအတင်း ၁၀၀ တရာဝင်မိုင်းခိုးအရပ်တွင် လယ်မျိုးကျအတင်း ၁၀၀ တရာဝင်ခူထွင်ကျင်းလုပ်စေ၍ ဆင်းရဲသားတို့အား လုပ်ကိုင်ထမ်းဆောင်စေရန် ချထားတော်မူ၏။ လယ်လုပ်သားများသို့လည်း ကျွဲစွပ်ပါးစသည်တို့ကို ထောက်မတော်မူ၏။ ဂုရှုရာဇာမဟာသိုဟုံဘွားမင်းဖြစ် ၂၃ နှစ်ဆယ်သုံးနှစ် သက္ကရာဇ် ၅၉၀ ပြည့် သာသနာတော် ၁၇၇၂ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ ဂုရှုရာဇာနတ်ရွာစံပြီးနောက် အမတ်လူကြီးတို့က ခွန်သို၏ သားတော် ခွန်ဘဲသို့ရိုးဆက်ရာခံမှန်ပါသောကြောင့် ဘိုးဘတို့၏ အမွေအရိပ်ရာကို ခံတော်မူပါဟုလျှောက်ထားရာ ခွန်ဘဲက မိုးမိတ်က ဘဒွေးတော်၏ အခွင့်အမိန့်ရမှ လက်ခံလိုသည်။ ဘဒွေးတော်ထံ အမိန့်ခံပံကြားပါဦးဆို၍ အမတ်လူကြီးတို့က မိုးမိတ်မြို့ ခွန်းခန်းကွတ်ထံ အမိန့်ခံလျှောက်ထားရာ ခွန်ခန်းကွတ်က သားတော်သိုကျင်ဘွားကို မိုးမိတ်မြို့လွှဲအပ်၍ ခွန်ခန်းကွတ်က အုန်းဘောင်သို့လိုက်လာစိုးအုပ်တော်မူပြီးလျှင် တူတော် ခွန်ဘဲနှင့်ညီမတော်နန်းအင်ဆုံကို လက်ထပ်ထိန်းမြား၍ အိမ်ရှေ့ကျမိုင်းအရာခန့်အပ်မြှောက်စားတော်မူ၏။ ခွန်ခန်းကွတ်မင်းဖြစ် ၄၁ နှစ် ခွန်ဘဲ ၅ နှစ် သားတော်ခွန်ခန်းကျော် ၄၆ လေးဆဲ့ခြောက်နှစ် ညီတော်ခွန်ခန်းရွှေ ၁၈ နှစ် သားတော် ခွန်ကျော်အောင် ၃၃ နှစ် ညီတော်ခွန်ကျော်မွေး နှစ်ပေါင်း ၃၀ သုံးဆယ်ဆက်ခံစံမြန်းကြ၍ သက္ကရာဇ် ၇၆၃ ခု သာသနာတော် ၁၉၄၅ ခုနှစ်တွင် ခွန်ကျော်မွေးနတ်ရွာစံ၍ ရိုးဆက်ရာခံမကျန်မရှိသဖြင့် အမတ်လူကြီးဟိန်ထံမိုတို့က ဆွေးနွေးကြရာ အမတ်ဆိုင်ခန်းမိုင်းလီက ဘိုးလောင်းဘေးလောင်းတော်တို့က ဆင်းသက်၍ သာဂိယမင်းမျိုးရိုးနွယ်တော်မပြတ်ဆက်လက်စံမြန်းတော်မူခဲ့ရာဖြစ်သော မိုးမိတ်မြို့သို့ပင့်ယူမှ သင့်တော်မည် မိုးမိတ်နှင့်အုန်းဘောင်မြို့များမှာ မြို့တည်နန်းတည်ခွန်ခန်းစော်၏ သားတော်အငယ်ခွန်ခန်းပန်းက မိုးမိတ်မြို့တည်ထောင်၍ မင်းလုပ်တော်မူခဲ့သည်တရပ်။ သက္ကရာဇ် ၅၂၅ ခုနှစ်၌လည်း အုန်းဘောင်ဘုရင်သိုသောင်ဘွား သားတော်ညီတော်နောင်တော်တို့သည် အုန်းဘောင်နှင့်မိုးမိတ်မြို့များကိုခွဲဝေခံစားခဲ့သည်။ သားမြေးမြစ်ညွန့်အဆွန့်ရှည်စွာ မဟာသာဂိယနွယ်မှန်ကြောင်းထွက်ဖေါ်ပြောဆိုရာ အများသဘောတူနှစ်သက်ကြသည်အတိုင်း အမတ်လူကြီးစုံရာတို့က မိုးမိတ်မြို့သိုကောင်ဘွားမင်းထံသွားရောက်၍ သားတော်မြေးတော်တပါးပါး အုန်းဘောင်မြို့

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

ဘုရားစားအုပ်စိုးရန်သနားတော်မူပါဟူ၍ လျှောက်တောင်းရာ သိုကောင်ဘုရားက ညီတော်သိုဟုံဘုရားကို မိုးမိတ်မြို့လွှဲအပ်၍ ကိုယ်တိုင်တော်လွှက်ဆင်မြင်းသင်းပင်းချွေရန်နှင့်သက္ကရာဇ် ၇၆၃ ခု သာသနာတော် ၁၉၄၅ ခုနှစ်တွင် အုန်းဘောင်ထီးနန်းသိန်းမြန်းစိုးအုပ်တော်မူ၏။ သိုကောင်ဘုရားမင်းသည် ဆင်မြင်းလွှက်ရဲမက်ဗိုလ်ခြေပြည့်စုံ၏။ အမှုတော်ထမ်းသားလည်း အစွန်းသတ္တိရဲရင့်လိမ္မာသူများကို ရွေးကောက်ခန့်ထားလေ့ရှိတော်မူ၏။ လိမ္မာတတ်သိသော အမတ်ပညာရှိသုခမိန်နှင့်လည်း ပြည့်စုံ၏။ သတ္တိပျတ္တိရှိသူအရေအချင်းအလျှော်ချီးမြှော်အသုံးပြုလေ့ရှိတော်မူ၏။ အရာရှိ အမှုထမ်းသားများလည်း အဝတ်အစားမနွမ်းပါးရအောင် လယ်တာစွါးလစာရိက္ခာလုံလောက်စွာပေးကမ်းတော်မူ၏။ သာသနာတော်ထမ်းရဟန်းသံဃာတော်တို့ကိုလည်း ကျိုးနွံမ်းရှိသေချီးမြင့်ထောက်ပံ့လှူဒါန်းစေတော်မူ၏။ ရဟန်းရှင်လူပြည်သူတိုင်းသားတို့အား သနားကြင်နာမေတ္တာမျှတတော်မူသောကြောင့် ပြည်သူတိုင်းသားကလည်း ရှိသေခန့်ညားသဖြင့် ဘုန်းတေဇာကြီးမြင့်၍ ကျိုင်းရုံးကျိုင်းတုံဂုဏ်းရွှန်းရိုးဒယားမှစ၍ အသီးသီးလာရောက်ကျိုးနွံမ်းရှိသေ သစ္စာခံသောကြောင့် နိုင်ငံဝပြောသာယာစွာရှိလေ၏။ ထိုအခါ အဝမြို့မှာ ပဋမင်းခေါင်လွှက်ကျက်ပြန်မကျစည်ပင်လှုကြောင်း သိုကောင်ဘုရားကြားသိရ၍ အရပ်ရပ်မြို့ကျေးရွာနိုင်ငံတို့မှာ ရှိခိုးလက်ဆောင်ပန္နာလူလာရောက်ကြလျှက် ပဋမင်းခေါင်က မလာမရောက်ရှိခဲ့၏။ မြန်မာနယ်ပါယ်ကျင်ကလယ်လောက်ရှိလျှက် ဘီလုံးငှက်ယက ဂဠုံကို တောင်ဟုံတုဘက်သခဲ့သို့ မလာမရောက်ရှိသည်ကို ရတနာပူရအဝမြို့ကို သံတံတိုင်းပင်ကာရံသော်လည်း ငါသို့သောလွှက်ရဲမက်အင်အားကြီးမားလျှက် ဘိစီးဖြိုဖျက်ရလျှင် ရံခံနိုင်မည်မဟုတ် အဝမြို့ကို လက်ရသိမ်းယူတော်မူမည်ဟု အမိန့်တော်ရှိပြီးလျှင် လုံးရင်းလွှက်ရဲမက်ဆင်မြင်းများစွာစည်းကြပ်၍ သက္ကရာဇ် ၇၆၆ ခု တပေါင်းလဆန်း ၁၂ ရက်နေ့ ကောင်းမြတ်သောအခါတွင် အောင်မင်္ဂလာတပ်တော်ချီထွက်တော်မူလေ၏။ တပ်မတော်နောက်က မီးကြီးလောင်ရာမြင်၍ မင်းတိုင်ပင်ပညာရှိအမတ်ကြီးဆိုင်လုံအူမိုင်းကိုမေးတော်မူသောအခါ အမတ်ကြီးက အောင်မင်္ဂလာတပ်တော်ချီရာဝယ် လက်ျာဘက်ကမီးမြင်ပြမှု ဂဇအာသာမချီရာပေသုရပ်မြေဝယ်စစ်ခြေမလှု တပ်ရှေ့ကမူ အရိဋ္ဌမီးပျက်စီးတတ်စွာ မဟုတ်ပါကဲ့ဝဲမှာပြင်းရှိန်ရက္ခဝိန်မီးဘုန်းတော်ကြီးလိမ့်မီးသကလ နောက်တော်ကလျှင်မြင်ပြသည်မှာ ကညာသွီးဆင်ကြီးမြင်းကောင်းခညောင်းဆက်သရှင်းမခွတည်းဆန္ဒရှိရာမကြာပြည့်စုံကြောင်း တိတ္ထုံကျမ်းထွက် ဤသို့တည်းဟုလျှောက်ထားရာ သိုကောင်ဘုရားမင်းက ရတနာပူရနိုင်ငံသည် ရပ်ခံနိုင်မည်မဟုပ်ဟူ၍ ကြိမ်းပတော်မူပြီးလျှင် ဆိုင်လုံအူမိုင်းအား လပ်များစွာသနားတော်မူပြီးလျှင် တိုက်ဆင် ၈၀ မြင်းတပ် ၁၀၀၀ တထောင် ရဲမက်တော်ရှစ်သောင်းကျော်နှင့်တပေါင်းလဆန်း ၁၅ ရက်နေ့ အဝမြို့သို့ စစ်ချီဆင်းသွား၍ ထွန်တရာထွန်တုံးအရပ်တွင် တပ်တော်စွဲရပ်၍ တပ်မြေကတုတ်ပြုလုပ်ပြင်ဆင်ပြစ်စင်ခလုပ်များကို ခိုင်မာလုံလောက်စွာလုပ်ပြီး ပဋမင်းခေါင်ထံလူလွှက်နှင့်ခုခံတိုက်ခိုက်မည် သိုမဟုပ် ဆင့်ဆိုရာ နာခံမည်ကို အကြောင်းကြားရန် ဆိုင်လုံအူမိုင်းကို စေလွှတ်လိုက်လေ၏။ ထိုအခါ ပဋမင်းခေါင်းက ဆိုင်လုံအူမိုင်းလျှောက်ကြားသောစကားကို ကြားနာရ၍ ပညာရှိအမတ်ကြီးဘိုးရာဇာကို

ခေါ် ယူတိုင်ပင်သည်မှာ ယခုအခါ အုန်းဘောင်မင်းသည် ဆင်မြင်းလှေကြရဲမက်များနှင့်နယ်စပ်အနီး လာရောက်စတင်သည်ကို မည်သို့ခုခံသင့်မည် တိုင်းပြည်မြို့ရွာမချောက်မချားမပျက်ပြားဆင်းရဲသား မတုံလှုပ်ဘဲငြိမ်ဝပ်ပြားငြိမ်ဆိန်စွာရှိအောင် မည်သို့သိမ်းပိုက်သင့်သည်များကို မေးတော်မူရာ ဘိုးရာဇာ က ရဲမက်ဗိုလ်ပါတပ်တောင်တာလူစု၍ ခုခံတိုက်ခိုက်ကွဲပါလျှင် ယခုအရေးတွင် အောင်မြင်ပါသော် လည်း ရန်မီးငြိမ်းစဲမည်မဟုတ်ပါ။ အလွန်မှာတစ်လှစွာသောမြေစိုင်ခဲကို မီးနှင့်ဖုတ်က တိုး၍ကြွက် မှာသကဲ့သို့သာရှိပါသည်။ မှာပြင်းလှစွာသောမြေစိုင်ခဲကို ရေရေချမ်းဖြင့် ဆွတ်စိန်လျှင် နူးပွ၍ သေးသိန်ကြေမွ၍ ရန်စမီးပွါးမရှိ ပကတိငြိမ်းချမ်းဘွယ်ရှိပါသည်။ မောရဂိဝါရွှေဥဒေါင်းမင်းမှာ မင်းချောက်ဆက်မြော်၍ ထောင်ဘမ်းရာမရမရှိဘဲ ကိလေသာညွတ်ကွင်းနှင့်ထောင်ယူမှရသည်ပုံပ မာလို အာရုံတော်ထားရှိတော်မူပါက တဖြေးဖြေးရင်ကြေနှံနာဘယာကင်းဝေးမည်ထင်ကြောင်း နှင့်လျှောက်ထားရာ ပဌမမင်းခေါင်က ဘိုးရာဇာလျှောက်တင်သောစကားကို စင်းစားမိတော်မူ၍ ရ ဟန်းရှင်လူပြည်သူသတ္တဝါဗိုလ်ပါတို့လည်း ပင်ပန်းညှိုးနွမ်းခြင်းမရှိအောင် ရန်ကြီးမီးစ မပွါးရစေ ဘဲ သိုကောင်ဘွားလည်း ဒေါသမပွားမခုမခံ ပြည်နိုင်ငံသတ္တဝါချမ်းသာအောင် တူမတော်မင်းစန္ဒာ ကို သိုကောင်ဘွားနှင့်လက်ဆက်၍ တူသားသမက်ဘမ်းတော်မူမည် သိုကောင်ဘွားထံ လိမ္မာရေး ချားစကားချေင်သူကို ရွေးချယ်စေလွှတ်စေအမိန့်ရှိတော်မူ၍ ဘိုးရာဇာက မေတ္တာစာလွှာရေးသား ပြီး စည်သူကျော်ထင်အမတ်ကို လက်ဆောင်ပန္နာများနှင့်စေလွှတ်လိုက်၏။ စည်သူကျော်ထင်အ မတ်လည်း သိုကောင်ဘွားမင်းထံ လက်ဆောင်ပန္နာများ စာလွှာများဆက်၍ လျှောက်ဆိုသည်မှာ အ ရှင်ဘုရားကိုယ်တိုင်တော် ရွှေဘော်ရဲမက်တော်များနှင့်ချီတက်တော်မူလာသည်မှာ မြို့ကြေးရွာတုံ လှုပ်ချောက်ချား ဆင်းရဲသားများထိပ်လန့်ကြသည်တကြောင်း နွေလအခါ ရောင်ဝါထိန်လင်းနေပူ ပြင်းသည်တဝ ဆင်မြင်းရဲမက်လှေကြကိုင်ထမ်းသားတို့လည်း အလွန်ပင်ပန်းခြင်းရှိကြပါသည်။ ယခု အခါ ပဌမမင်းခေါင်က ဆင်မြင်းရဲမက်တော်များနှင့်ရဟန်းရှင်လူပြည်သူသတ္တဝါပူဆာညှိုးနွမ်း ပင်ပန်းခြင်းမရှိလေအောင် နှစ်ပြည်တပြည်ချစ်ကြည်စုံမက်တော်မူကြ၍ တဦးရေးကြောင်းရှိက တဦးထော်ကူညီညာမဟာမိတ်ကြီးဖြစ်အောင် တူမတော်မင်းစန္ဒာလည်း ငါးပါးကောင်းခြင်း အ ဆင်းသဏ္ဍာန်ကြံ့အင်လက္ခဏာ မူရာရင်ကြေးခြင်းရှိကြောင်းများနှင့်တင်လျှောက်ရာ သိုကောင်ဘွား က စည်သူကျော်ထင်တင်လျှောက်သောစကားကို အားရနှစ်သက်တော်မူ၍ လျှောက်ထားသည့်အတိုင်း မှန်က အမြန်စေ့စပ်ရမည် နေ့ရက်မကြာ မြို့ကြေးရွာကို ပြန်တက်လိုကြောင်းနှင့်ပြောဆိုမှာထား တော်မူ၏။ စည်သူကျော်ထင်လည်း သိုကောင်ဘွားမှာလိုက်သည်အတိုင်း ပြန်လျှောက်ထားရာ ပဌမ မင်းခေါင်က ဘိုးရာဇာကို ခေါ် တော်မူ၍ သိုကောင်ဘွားသည် ငါတို့အလိုသို့လိုက်ပါပြီး လက်ထပ် ရန် အခန်းအနားစာတန်းရှိသည်အတိုင်း လုပ်ဆောင်၍ ခန်းနားကြင်းပတူမတော်ကို ပို့အပ်လက် ထပ်ပြီးလျှင် လိုပါတ်ရှိရာပြည်ရွာနယ်မြေအပိုင်းအချားကွဲပြားရှိအောင် စကားပြောဆို၍ အတည် ပြုထားရမည်ဟု အမိန့်တော်ရှိသောကြောင်း ဘိုးရာဇာလည်း လက်ထပ်တနန်းဆော်လုပ်စီမံ၍ ချေလျှင်ဆင်မြင်းရှေ့ဝင်နော်ဝင်တပ်ခင်း၍ တူမတော်မင်းစန္ဒာကို ဒွါဒရာပါတ်ပိုးခါးကြိုးကျော်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

စီ နာရနီရွှေသားကိုးပါးသောကျောံမြက်ရွှဲတို့ဖြင့်ပြီးသော အဝတ်တန်းဆာများကို ဆင်ယင်ပြီး မင်္ဂလာလက်ထပ်တဲနန်းသို့ ယုယဆောင်ယူသိုကောင်ဘွားမင်းနှင့်လက်ထပ်ထိမ်းမြားလိုက်လေ၏။ လက်ထပ်အခန်းအနားပြီးချားသည်နောက် ဘိုးရာဇာက သိုကောင်ဘွားထံလျှောံထားသည်မှာ ပဌမမင်းခေါင်နှင့်အရှင်ဘုရားသည် တူတော်ဝရီးတော်ဖြစ်ကြပြီ အဝမြို့နှင့်အုန်းဘောင်ကို တ ပြည်ထောင်တည်းခဲ့သို့ သဘောထားတော်မူ၍ အဝမြို့ဆိုသည်မှာလည်း သရေခေတ္တရာကအစ တရွှေ့ရွှေ့ဆန်တက်ရွှေ့ပြောင်းတက်လာ မြို့ရွာတည်ထောင်စံမြန်းထီးနန်းစိုက်ထူရပါသော ကြောင့် ရှေ့မျက်နှာကအရန်အတားနယ်အပိုင်းအချားမရှိ အုန်းဘောင်နယ်စပ်အနီးတွင် မြို့ တော်ဌာနဖြစ်လာရသောကြောင့် ယခုတပ်တော်ချရာကို အစွဲအစပြု၍ နယ်မြေပိုင်းချားပေးသနား တော်မူပါမည်အကြောင်း လျှောံထားလျှင် သိုကောင်ဘွားလည်း ပဌမမင်းခေါင်နှင့်တူဝရီးဖြစ်ပြီး ဆွေမျိုးဖြစ်သောကြောင့် ဘိုးရာဇာလျှောံတင်ချက်အတိုင်း အခွင့်ပေးတော်မူပြီးလျှင် ကျောံမီး တွင် နယ်ချားဘုရားတဆူ ရှင်းကတောင်ရိုးတောင်တန်းကို အစွဲပြု၍ မှာလဲဘုရားဝါးဖြူတောင် ကို လျှောံ၍ အောံပိုင်းကို အဝနယ်ဟူ၍ နယ်မြေခွဲဝေပေးအပ်ခဲ့ပြီးလျှင် မင်းစန္ဒာကို ယူဆောင် ၍ အုန်းဘောင်မြို့သို့ပြန်တက်တော်မူလာလေ၏။ အုန်းဘောင်မြို့သို့ရောံသောအခါ မင်းစန္ဒာ ကို နန်းရွှေကြာဟူ၍ ဘွဲ့အမည်လဲပေး၍ မဟာဒေဝီမိဖျားကြီးအရာထားတော်မူလေ၏။ သိုကောင် ဘွား မင်းဖြစ် ၂၂–နှစ် သက္ကရာဇ် ၇၇၅ သာသနာတော် ၁၉၅၇ ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သား တော်သိုဝယ်ဘွားလည်း ငယ်ရွယ်သူဖြစ်၍ ညီတော် မိုးမိတ်သိုဟုံဘွားသားတော်လွယ်ဆံဘနှင့်နန်း ရွှေကြာတို့စုံဘက်၍ဆက်ခံစိုးမိုးတော်မူ၏။ အဝမြို့လည်း သီဟသူမင်းစိုးစံရာ မိဖျားကြီးတို့ကို မသွားမလာ ပြစ်ပယ်နေ၍ မိဖျားငယ်များနှင့်သာမွေ့လျော်ပျော်ပိုက်၍နေသောကြောင့် မိဖျားကြီး ရှင်ဘို့မယ်က သီဟသူမင်းအား ဒေါသထား၍ ဝတ်စားတန်းဆာနှင့်ထည်မျိုးအုပ်မျိုးလွှန်းပုဆိုး များကို ကတိုးအမွှေးအထုံလိမ်းသတ်၍ သီဟသူကို လုပ်ကြံတော်မူပါ အောင်မြင်သောအခါ ကျွန် တော်မနှင့်နေလပမာ ရေနှင့်ကြာကဲ့သို့ ဘမယာအောင်ခန်းရေသဖန်းဝယ် စပါယ်စံမြန်းရွှေနန်း စိုးအုပ် မြန်မာနိုင်ငံနှင့်အုန်းဘောင် ၂–ပြည်ထောင်ကို ဘုန်းရောင်ညွှန့်လူ နေတသူခဲ့သို့ ရိပ်မြူ ကာ မိုးစိုးစံတော်မူပါမည့်အကြောင်းနှင့် အတွင်းစာရေးသား၍ အုန်းဘောင်မင်းလွယ်ဆံဘထံ တိတ်တဆိတ်လျှို့ဝှက်၍ စာလူစေလွှတ်လိုက်၏။ လွယ်ဆံဘလည်း ရှင်ဘို့မယ် ဆက်လိုက်သည့် အလိတ်အထည်အဝတ်အစားချိတ်တဆိတ်ခတ်ပိတ်သောစာများကို မြင်လျှင် ရှင်ဘို့မယ်ကို ချစ် ခင်နှစ်သက်ရင်းအာရုံရှိသည်အတိုင်း လွှက်ဆင်မြင်းလုံးရင်းဗိုလ်ချေများစွာစည်ကျပ်ခန့်ယူနေစဉ် ဘုရင်သီဟသူကြားသိရ၍ ကလေးကြေးတောင်ညိုထံ သံတမန်စေလွှတ်၍ အုန်းဘောင်မင်းက အဝမြို့ကို ဘိစီးသိမ်းယူရန် စစ်သားရဲမက်လွှက်စုဆောင်းစည်ကြပ်နေသည်ကို လူလွှက်အမြန်လာ ရောံကူညီပါမည့်အကြောင်း တောင်းဆိုသည်ကို ကလေးကြေးတောင်ညိုက အဝမြို့သို့ ဆင်းလာ ကူညီလေ၏။ လွယ်ဆံဘလည်း တိုက်ဆင် ၇၀ မြင်း ၁၀၀၀ တထောင် ရဲမက်တော်ရှစ်သောင်းကျော နှင့်အဝမြို့သို့ဆင်းသွားပြီး တပ်ကြီးအရပ်နှိုက် တပ်မတော်စွဲရပ်၍ ရဲမက်တော်တို့ကို အဝမြို့ဝန်း

ရန်စေ၍ မြန်မာရဲမင်္ဂတော်တို့နှင့်ကလေးကြေးတောင်ညိုရဲမင်္ဂတို့သည် လမ်းဦးလမ်းဝများစောင့် ရှောက်ခုခံသောကြောင့် မြစ်ငယ်ကို မကူးနိုင် တပ်ခြင်းပြိုင်ဆိုင်၍သာနေ၏ ။ ထိုအခါ ရဲရင့်သံမာ သတ္တိပျတ္တိရှိသောသူကို ရွေးကော်၍ သွေးသော်ဖွဲ့စည်းအကြီးအအုပ် ခန့်ထားပြီး ညအခါ သင့် တင့်ရာတောဆိပ်တောလမ်းများ၌ ချီတက်ကူးသွားစေ၍ တပ်စွယ်တပ်ရန်များကို နှော်ပိုးတိုက် ခိုက်ရာ မြန်မာရဲမင်္ဂတပ်သားနှင့်ကလေးကြေးတောင်ညိုတပ်ရဲသားတို့က မရပ်မခံနိုင်ကစင့်ကရဲ ပျက်ပြားဆုတ်ခွာသွားကြ၍ မြို့တွင်းကသာ ရဲတင်းခုခံ၍နေကြလေ၏ ။ လွှယ်ဆံဘကလည်း အဝ မြို့သို့ကူး၍ ပါတ်ဝန်းကြင်ကြေးရွာများကို ဘိစီးသိမ်းယူလူလှန်တောင်းခန်းပြီးတပ်မြေကုတ် တည်လုပ်စွဲရပ် ဝမ်းဝိုင်းထားသောကြောင့် မြို့တွင်းနှိုက်အစားအစာ ပြတ်လတ်တော်မွတ်ခေါင်း ပါးကြသည်နှင့်တရွှေ့တရွှေ့ ရဲမင်္ဂဗိုလ်ပါအမှုထမ်းတို့သည် တိတ်တဆိတ်ထွက်ခွါပြေးလွှားကြ၍ လူ အင်အားနည်းပါးသည်နှင့် အုန်းဘောင်မင်းလွှယ်ဆံဘစစ်သည်တော်တို့က ညအခါ လူပါးသည် အရပ်နှိုက် မြို့ရိုးကိုလှေခါးထောင်တက်ပြီးလျှင် စီးနှင်းပြစ်ခတ်ရာမခံနှင်မရပ်နိုင်သောကြောင့် အဝမြို့ပျက်ပြား သီဟသူမင်းကို ဘမ်းဆီးရမိဇာတ်သိမ်း၍အောင်မြင်လေ၏ ။ သီဟသူကို အောင် မြင်ပြီးနော် မိဘုရားရှင်ဘို့မယ်က ဝန်ကြီးမှုးမတ်တို့ကို ခေါ်ယူစုရုံး၍ အမိန့်ရှိသည်မှာ သီဟသူ မင်းသည် တရားလွှတ်ကင်းသိန်ဖြင်းသည် ဝါသနာတဏှာရာဂကို လိုက်စား၍ သားငယ်မယား ငယ်တို့နှင့်ပျော်ပိုက်စံစားလူမိုက်တို့ကို မြော်စားပညာရှိတို့၏စကားကို မနာမယူ ပြည်သူသတ္တဝါ ဗိုလ်ပါအမှုထမ်းတို့ကိုလည်း မကြည့်မရှု ဂရုမမ္ဗလွှတ်ကင်းတော်မူသောကြောင့် ပျက်စီးဆုံးပါးတော်မူ ရလေပြီ။ အမှတ်မဲ့နေခဲ့လျှင် တိုင်းပြည်ပါအစတုံး၍ အုန်းဘောင်မင်းလက်တွင်းသို့ ရော်မချွတ် ရာ မင်းလှငယ်နှင့်တိုင်ပင်၍ အဆောတလျှင် လူလှန်စုရုံးပြီးလွှယ်ဆံဘ ပွဲသဘင်ခံ၍ အမှတ်မဲ့ နေသည်ခိုက် ဝင်ရော်ဘမ်းဆီးကြရမည်ဟုအမိန့်ရှိလျှင် အမိန့်အတိုင်း ဝန်ကြီးမှုးမတ်တို့က လူ လှန်စုရုံး လွှယ်ဆံဘကို ဝန်းဝိုင်းတိုက်ခိုက်ရာ လွှယ်ဆံဘလည်း ထီးနန်းနှင့်မိဖုရားရှင်ဘို့မယ်ပါ ရတနာပူရအဝမြို့တော်ကို လက်သို့ရော်ပြီးအထင်နှင့်အရေးမမူ ဂရုမစိုက်ဘဲ ပွဲလမ်းသဘင်ခံ၍ အမတ်မဲ့နေသောအခိုက်ဖြစ်၍ ဝိုင်းဝန်းတိုက်ခိုက်ရာ မရပ်ခံသာ၍ အဆောတလျှင်ဆုတ်ခွါမြို့ တော်သို့ပြန်တက်လာလိုက်လေ၏ ။ ထိုအခါ အဝမြို့ကို မင်းလှငယ်နှင့်ရှင်ဘို့မယ်စုံဘက်၍ စိုးစံ လေ၏ ။ ကြေးတောင်ညိုကို နေ့ညမဆို ထွက်ဝင်ခွင့်ပေး၍ မြို့ရေးတိုင်းမှုအစုစုကို လွဲအပ်မိမှား သောကြောင့် ကြေးတောင်ညိုက မင်းလှကို လုပ်ကြံပြီး ရှင်ဘို့မယ်နှင့်စုံဘက်၍ စိုးစံလေ၏ ။ ထို ခါ ကြေးတောင်ညိုနှင့်ရှင်ဘို့မယ်တို့ကလက်ဆောင်ပန္နာနှင့်တူသားရင်းချာကဲ့သို့မတ်ယူတော်မူ၍ ရေးကြောင်းရှိက စောင်မကူညီတော်မူပါမည့်အကြောင်း အုန်းဘောင်မင်းလွှယ်ဆံဘထံ မေတ္တာ စာလွှာရေးသားလူစေလွှတ်လိုက်၏ ။ လွှယ်ဆံဘလည်း ရှင်ဘို့မယ်တို့အား ဒေါသမထား မိမိကံ တရားကိုသာ အာရုံသွင်းတော်မူ၍ တူသားရင်းချာကဲ့သို့ မေတ္တာမပြတ် စုံမက်ချစ်ခင်တော်မူရင်း အတိုင်း ရေးကြောင်းရှိလျှင် ကူညီစောင်မပါမည်ဟူ၍ စာပြန်လိုက်လေ၏ ။ အဝမြို့မှာ ကလေး ကြေးတောင်ညိုစိုးစံနေကြောင်း မိုးညှင်းသားသတိုးရာဇာက ကြားသိလျှင် ဆင်မြင်းလှန်ရဲမင်္ဂ



E-book is created by www.shanyoma.org

ဗိုလ်ခြေအများအပြားနှင့်အဝမြို့သို့ ဆင်းလာ စစ်ကိုင်းမြို့စီးနင်းလေသော် ကြေးတောင်ညိုက အုန်းဘောင်မင်းထံ လူစာစေလွှတ်၍ လူလွှတ်အမြန်လာ၍ ကူညီပါမှ သတိုးရာဇာရာန်ကို ရပ်ခံနိုင်မည်ကြောင်းပါလာ၍ အုန်းဘောင်မင်းလည်း အထက်ထက်က ဂတိထားရှိသည်အတိုင်း ဂတိမပြတ်လူလွှတ်စုရုံးပြီး လွှယ်ဆံဘကိုယ်တိုင်တိုက်ဆင် ၈၀ မြင်း ၅၀၀ ရဲမင်္ဂတော်သုံးသောင်းကျော်နှင့်အဝမြို့သို့ဆင်းသွားပြီး ရွှေကျက်ယက်သပြေတန်းရပ်တွင် တပ်တော်စွဲချ၍ နေ၏။ ထိုအခါ မိုးညှင်းသတိုးရာဇာက အုန်းဘောင်မင်းလွှယ်ဆံဘ အဝမြို့ရွှေကျက်ရက်ကွက်သစ်သပြေတန်းများတွင် တပ်စွဲချရပ်နေကြောင်းကြားသိရ၍ အုန်းဘောင်မင်းက ကြေးတောင်ညိုဘက်ကို ကူညီလျှင် အဝမြို့ကိုစီးနင်းနိုင်မည်မဟုပ် အုန်းဘောင်မင်းမကူမညီမှ ငါတို့စီးနင်းနိုင်မည်ဆို၍ သတိုးရာဇာက ကြေးတောင်ညိုသည် တရားနှင့်မလျော်မသူတော်တို့အကျင့်ပြုသင့်မပြုသင့်သည်ကို မဆင်ခြင်မတိုင်းထွာ မင်းလှုငယ်က ဝတ်စားပေးကမ်းနန်းတွင်းနန်းပြင်ထွက်ဝင်နေထိုင်ကာ အရေးပိုင်လွှဲအပ်သည်တဝ မင်းလှုငယ်အဘသီဟသူမင်းနှင့်လည်း အဆွေခင်ပွန်းစစ်ဖြစ်ကြလျက် မင်းလှုငယ်ကို လုပ်ကြံလိုက်သည်။ အုန်းဘောင်မင်းက သီဟသူကို တိုက်ရန်ဆင်းလာသောအခါလည်း သီဟသူဘက်ကနေ၍ ခုခံတိုက်ခိုက်သည်။ တရားပြက်ကွက်သောသူဖြစ်ပါ၍ ဘမ်းဆီးသတ်ညစ်ဇာတ်သိမ်းပါရမည်အကြောင်းနှင့်မေတ္တာစာလွှာရေးသားလက်ဆောင်ပန္နာများပါ အုန်းဘောင်မင်းမှာ ဆယ်ဖြာမင်းကျင့်တရားမမှား မရှင်းစောင့်စည်းရင်းရှိသည်တဝ သီဟသူဘက်နေ၍ ခုခံတိုက်ခိုက်သည်ကို မျှော်ထော၍ အုန်းဘောင်မင်းရဲမင်္ဂတော်များကြားက မပင်မပန်းပွဲလမ်းကြည့်၍ နေတော်မူပါမည့်အကြောင်း လူစေလွှတ်၍ လျှော်ထားရာ လွှယ်ဆံဘမင်းက သတိုးရာဇာစကားတရားနှင့်ညီပေသည်ဆို၍ တပ်ကို နုတ်သိမ်းပြန်တက်လာတော်မူလိုက်၏။ မိုးညှင်းသတိုးရာဇာလည်း အုန်းဘောင်မင်းတပ်နုတ်၍ ပြန်ပြီးသိ၍ အဝမြို့ကို ဘိစီးတိုက်ခိုက်ရာ ကြေးတောင်ညိုကို ရမိသိမ်းဆည်း၍ အောင်မြင်လျှင် မိုးညှင်းမင်းတရားအမည်ခံ၍ ရှင်ဘို့မယ်နှင့်စုံဘက် အဝမြို့ကို စိုးစံလေ၏။ အုန်းဘောင်မင်းလွှယ်ဆံဘနှင့် ၂–ပြည်တပြည်ချစ်ကြည်မိတ်ဖွဲ့၍ နေကြလေ၏။ လွှယ်ဆံဘမင်းဖြစ် ၁၅–နှစ် သာသနာတော် ၁၉၇၂ ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်သိုဝယ်ဘွား ဆက်ခံစံစိုးတော်မူ၏။ သိုဝယ်ဘွားမင်းက သားတော်အကြီးသိုဟ့ံဘွားအလပ်သိုဟ့ံဘွားအငယ်သိုပိန်ဘွားဟူ၍ သားတော်သုံးပါးရှိ၏။ သိုဝယ်ဘွားမင်းဖြစ် ၁၆ နှစ် နတ်ရွာစံ၍ သားတော်ကြီး ၇ နှစ် သက္ကရာဇ် ဂ၂၃–ခု သာသနာတော် ၂၀၀၅–ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ သားတော်အငယ်သိုပိန်ဘွားဆက်ခံစိုးစံတော်မူရာ သားတော်အကြီးသိုပိတ်ဘွားအလပ်သိုနော်ဘွားအငယ်သိုစွန်ဘွားဟူ၍ သုံးပါးရှိ၏။ သိုပိန်ဘွားမင်းဖြစ် ၁၀–နှစ် သက္ကရာဇ် ဂ၃၃–ခုနှစ်နတ်ရွာစံတော်မူ၍ သားတော်သိုပိတ်ဘွား ဆက်ခံစိုးမိုးလေ၏။ သိုပိတ်ဘွားမင်းက သားတော်အကြီးသိုကြင်ဘွားအငယ်သိုစုံဘွားဟူ၍ နှစ်ပါးရှိ၏။ သိုပိတ်ဘွားမင်းဖြစ် ဂ ရှစ်နှစ် သက္ကရာဇ် ဂ၄၁–ခုနှစ်တွင် နတ်ရွာစံတော်မူ၍ ညီတော်အလပ်သိုစွန်ဘွားက ခင်ခန်းသိုစွန်ဘွားအမည်ခံ၍ ဆက်ခံစံမြန်း၏။ ခင်ခန်းသိုစွန်ဘွားလည်း နေ့လအခါ မိုးကုတ်မိုင်းလုံစပ်ကြား ကျိုင်းလောရပ်နိုက် စံ

E-book is created by www.shanyoma.org

နန်းဆော်လုပ်စံမြန်း၏။ ဆောင်း ၄–လအခါ မိုးမိတ်ဟော်နန်းသို့ စံမြန်း၏။ မိုးဥတုကြမှ အုန်းဘောင်နန်းတော်သို့ပြန်လာစံမြန်းတော်မူ၏။ ထိုအခါ တောင်ပိုင်တောင်စားတို့က သွီးနန်းခန်းဟုံကို ဝတ်စားဆင်ယင်ပွဲသဘင်ကြင်းပအကအခုံတို့နှင့်ခင်ခန်းသိုစ္ဂန်ဘွားမင်းအား လက်ဆောင်ပန္နာများ ငွေပိဿာချိန် ၁၀၀ တရာနှင့်သွီးကညာရှိခိုးလက်ဆောင် ဆက်သလေ၏။ နန်းခန်းဟုံမှာလည်း အသားရုပ်ရေ မဖြူမညိုနကိုမူလရှုပကြံ့အင်ချော်ပြစ်စင်မိမ္မလှဖြစ်၍ ခင်ခန်းသိုစ္ဂန်ဘွားက မဟာသီရိအုမ္မာဟူသောဘွဲ့နာမံကို ပေး၍ မဟာဒေဝီမိဖုရားကြီးအရာထားတော်မူ၏။ တရံရောအခါ သီရိအုမ္မာမဟာဒေဝီမိဖုရားကြီးသည် အိပ်စက်ပျော်ရာ ဆင်ဖြူတော်တစီးသည် အရှေ့စီးစီးကဝင်လာရာ ပုဂံမြင်းဆိုင်းစကိုင်းပန်းယစသော မြန်မာလူမြို့တို့သည် ဆံပန်းပေါ် ပေါ် နှင့်ဆီးကြိုပူဇော်ကြ၍ ဂုဏ်းစွန်းရှိုးဒယားရှမ်းပလောင်တောင်သူလူမျိုးပေါင်းတို့သည်လည်း ရှိခိုးပူဇော်၍နေသည်အတွင်း ထိုဆင်ဖြူတော်သည် မိဖုရားမဟာသီရိအုမ္မာဝမ်တိုက်ကို တိုးဝှေ့ဝင်လာကြောင်းမြင်မက်သောကြောင့် ထိပ်ကျော်လန့်နိုးကိုးကွယ်ရာမရ ကျော်လန့်အားကြီးသည်နှင့် ခင်ခန်းသိုစ္ဂန်ဘွားအား လျှော်ထားလေသော် ညီလာခံချိန်ရော်၍ မှူးကြီးမတ်ရာသေနာပတိရုံးတက်လာသောအခါ ပညာရှိမှူးမတ်တို့နှင့်ဗေဒင်ကျော်ဆရာများကို ခေါ် ယူ မိဖုရားမြင်မက်ပုံအလုံးစုံစကားပြောကြားမိန့်ရှိ မေးမြန်းတော်ရာ ပညာရှိအမတ်ကြီးဆိုင်ခန်းမိုင်းက လျှော်ထားသည်မှာသူနာပရုံတမ္ပဒိပအစရှိသော တိုင်းကြီးပြည်ကြီးတရာ့တပါးသောထီးဆောင်းမင်းအများတို့ကို နိုင်နင်းပိုင်သည် အစိုးရသော ဘုန်းသမ္ဘာပညာလက္ခဏာနှင့်ပြည့်စုံသည့်သားကောင်းရတနာမှန်စွာရှိမည်မချွတ်ဟူ၍ လျှော်တင်ရာ တင်လျှော်သောစကားကို ဝမ်းမြော်ဝမ်းသာအားရနှစ်သက်တော်မူ၍ အမတ်ကြီးဆိုင်ခန်းမိုင်းအား ဆုလပ်များစွာ သနားတော်မူလေ၏။ မဟာသီရိအုမ္မာမိဖုရားတွင် စွဲကပ်သောပဋိသန္ဓေကိုလည်း မန္ဒူးမနဲ့ရအောင် ကောင်းစွာ စောင့်ရှော်၍ထားတော်မူ၏။ လရက်စေ့၍ ဘွားမြင်တော်မူသောအခါ ဆိုင်ခန်းမိုင်းက အနိုင်နိုင်ငံအမြို့မြို့ကို အစိုးရမည်ဟူသော လျှော်ထားချက်စကားကို အစွဲပြု၍ သားတော်ကို ခွန်မိုင်းဟူသောဘွဲ့အမည်နာမကို ပေးဘွဲ့တော်မူ၏။ ခွန်မိုင်းနော် ဘွားမြင်သော သားတော်အလပ်ကား သိုဟုံဘွား အငယ်သိုစ္ဂန်ဘွားဟူ၍ ပေးမည့်တော်မူသည်။ သားတော်သုံးပါးရှိတော်မူ၏။ ထိုအခါ အဝမြို့၌ ရွှေနန်းကျော့ရှင်နရပတိမင်းအုပ်စိုးသောလွှက်ဖြစ်သည်။ ရွှေနန်းကျော့ရှင်နရပတိက အုန်းဘောင်မင်းခင်ခန်းသိုစ္ဂန်ဘွားထံသို့ လက်ဆောင်ပန္နာနှင့်မေတ္တာစာလွှာများကို ပို့ရော်၍ နှစ်ပြည်တပြည်ချစ်ကြည်ဆက်ဆံပေါင်းသင်းအခင်းရှိရာ ညီညာထော်ကူစေလိုကြောင်းနှင့်မိတ်ကောင်းမဟာဘွဲ့ဆိုတော်မူကြ၏။ ထိုအခါ အဝနရပတိမင်းနှင့်မိုးကောင်းမိုးညှင်းမင်းတို့ မတင့်မသင့်စစ်မင်္ဂဖြစ်ပွားတိုက်ခိုက်ကြရာမိုးညှင်းမင်းက တောင်ငူမင်းပြည်မင်းတို့ကို ဖိတ်ယူလာကူစေ၏။ ပြည်မင်းတောင်ငူမင်းတို့လည်းမိတ်ဖိတ်ကြသည်အလျှော် လူလက်များနှင့်ပုဂံမြို့ကို စီးနှင်းလျှင် နရပတိမင်းက အုန်းဘောင်မင်းထံ စာလူစေလွှတ်ကြောင်းကြားဖိတ်မံသည်နှင့် အုန်းဘောင်မင်းက တိုက်ဆင် (၆၀) မြင်းတပ် ၁၀၀၀ တထောင် စစ်သားရဲမင်္ဂတော်လေးသောင်းကျော်နှင့်သားတော်ခွန်မိုင်းကို စေလွှတ်ကူညီ

E-book is created by www.shanyoma.org

စေတော်မူ၏။ ခွန်မိုင်းလည်း ပုဂံမြို့ရောက်ချီတက် ပြည်မင်းတောင်ငူမင်းတို့ကို တိုက်ခိုက်ရာ ပြည်မင်းကို ဘမ်းဆီးရမိ၍ တောင်ငူမင်းက ကျော်ရွှန့်အားကြီး၍ ခွန်မိုင်းထံဝင်ရောက်သစ္စာရေသောက်ခံလေ၏။ ပုဂံအရေးငြိမ်း၍ ခွန်မိုင်းကတပ်နုတ်ပြန်တက်လာရာ အဝမြို့သို့ဆိုက်ရောက်လာလျှင် မိုးကောင်းမိုးညှင်းမင်းလည်း တပ်ကို နုတ်သိမ်း၍ ပြန်သွားကြလေ၏။ အရေးပြေကုံ၍ ခွန်မိုင်းပြန်တက်လာသည်နောက် အဝနရပတိက တဘန် လူလ္လက်ရဲမင်္ဂစုပြီး မိုးညှင်းသို့ထပ်မံချီတ်ရာ မိုးညှင်းဇလုံက မေတ္တာစာလ္ဘာလက်ဆောင်ပန္နာများနှင့်အုန်းဘောင်မင်းခင်ခန်းသိုစ္ဂန်ဘွားထံ လူစေလ္ဘတ်၍ အဝနရပတိမင်းသည် မိုးကောင်းမိုးညှင်းကို လာ၍ စတင်တိုက်ခိုက်ရာ ဘိစီးနိုင်နင်းသောအခါ အုန်းဘောင်မင်းက ချီတက်ကူညီသည်အတွက် တပ်ကို နုတ်သိမ်းပြန်လာရပါသည်ကို မငြိမ်းမဘေဲ ယ္ခုထပ်မံ၍ နောင့်ရှက်လာပါသည်။ အဝမင်းနှင့်ခိုက်ရန်မဖြစ်မပ္ဘားဘဲ ပြေငြိမ်းစေရန် အုန်းဘောင်မင်းစီရင်ရာ နာခံပြေငြိမ်းလိုကြောင်း စာလူလာရောက်လျှောက်ထားရာ ခင်ခန်းသိုစ္ဂန်ဘွားမင်းက ဤကိစ္စသည် ဇလုံမင်းက နာခံသော်လည်း နရပတိမင်းနာခံမည်မထင်ဟူ၍ စာပြန်လိုက်လေ၏။ ထိုအခါ မိုးညှင်းဇလုံမင်းက လူလ္လက်ရဲမင်္ဂတပ်သားအများစုရုံး၍ နရပတိတပ်ကို ဝန်းဝိုင်းဘိနှင်းတိုက်ခိုက်ရာ နရပတိတပ်မရပ်မခံနိုင် ဆုတ်ခ္ဂါပျက်ပြားလာကြရာ ဇလုံမင်းက လိုက်လံဘိနင်းတိုက်ခိုက်၍ အဝမြို့အနီး ဆိုက်ရောက် တပ်စ္ဂဲချရပ်နေရာ အဝမင်းက အုန်းဘောင်မင်းအလျင်အမြန်လာ၍ ကူညီပါမှ ရပ်ခံနိုင်ရန်အကြောင်းရှိပါသည်ဟူ၍ စာလူစေလ္ဘတ်အကြောင်းကြားစေ၏။ အုန်းဘောင်မင်းလည်း ကိုယ်တိုင်တော် ဆင်တပ် ၃၀၀ မြင်းတပ် ၁၀၀၀ ရဲမင်္ဂတော်တသိန်းကျော်ခန့်နှင့်ဆင်းသ္ဘားရာ ဝက်ဝင်ဆင်ခေါင်းအရပ်သို့ရောက်လျှင် အဝမြို့ပျက်ပြား၍ နရပတိမင်းလည်း လူအနည်းငယ်နှင့်ရှောင်ခ္ဂါထွက်လာ၍ ခင်ခန်းသိုစ္ဂန်ဘွားရှိရာ လာရောက်မှီခို၍နေ၏။ မိုးညှင်းဇလုံမင်းလည်း ပြည်မင်း၏ သားမင်းသတိုးကို အဝမြို့နန်းတင်လ္ဂဲအပ်၍ ပြန်သွားလေ၏။ ခင်ခန်းသိုစ္ဂန်ဘွားမင်းနှင့်နရပတိမင်းတို့သည် လူလ္လက်ထပ်မံစည်းကြပ်၍ အဝမြို့သို့ဆင်းသ္ဘားတိုက်ခိုက်ရာ မင်းသတိုးက မခံခံဘဲ မိုးညှင်းဇလုံမင်းရှိရာသို့ ရှောင်ခ္ဂါထွက်သ္ဘားလေ၏။ အရေးအောင်မြင်လေသောကြောင့် နရပတိကို နန်းတင်ပြီးပြန်တက်တော်မူခဲ့လေ၏။ မိုးညှင်းဇလုံမင်းလည်း အုန်းဘောင်မင်းတပ်နုတ်ပြန်သ္ဘားပြီးကြောင်းကြားသိ၍ လ္လက်ဆင်မြင်းအလုံးရင်းရဲမင်္ဂထပ်မံစေ့ကြပ်၍ အဝမြို့ကို အဆောတလျှင် ဘိနှင်းတိုက်ခိုက် နရပတိမင်းကို ဘမ်းဆီးရမိသတ်ညဇ္ဇာတ်သိမ်းပြီးလျှင် ဇလုံသားတော်သိုဟန်ဘွားကို နန်းတင်အပ်၍ နရပတိမင်းဝတ်စားဆောင်ရောင်များကို ခင်ခန်းသိုစ္ဂန်ဘွားထံ အထက်ထက်က ဘိုးလောင်းဘေးလောင်းတော်ခွန်လူးမင်းက ဆင်းသက်၍ မိုးကောင်းမိုးညှင်းအုန်းဘောင်မိုးနဲမိုးဗြဲစသောတိုင်းပြည်မြို့ရွာဌာနများကို သာဂိယမင်းမျိုးနေနတ်ရိုးနွယ်တော်မပြတ်ဆက်လက်စိုးစံခဲ့ပါသည်အတိုင်း ယ္ခုအဝမြို့၌ သိုဟန်ဘွားကို တူသားရင်းကဲ့သို့ သနားမတ်ထင်တော်မူ၍ စောင့်ရှောက်ကြည့်ရှုတော်မူပါမည့်အကြောင်းနှင့်မေတ္တာစာလ္ဘာရေးသား၍ လူလ္ဘတ်ပို့ဆက်လာစေလေ၏။ ခင်ခန်းသိုစ္ဂန်ဘွားမင်းဖြစ် နှစ်ပေါင်း ၄၀ လေးဆယ် သက္ကရာဇ် ၉၀၁–ခု သာသနာတော် ၂၀၈၃–ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သား



E-book is created by www.shanyoma.org

တော်ကြီးခွန်မိုင်းဆက်ခံစိုးမိုးစံစားတော်မူ၏။ ခွန်မိုင်းမှာ သားတော်အကြီးသိုကော်ဘွား အလပ်သိုပိတ်ဘွား အငယ်သိုစွန်ဘွား အထွေးသိုနော်ဘွားဟူ၍ သားတော် ၄–ပါးရှိ၏။ ထိုအခါ မိုးနဲမိုးပြဲမြို့မှာ သိုရစ်ဘွားနတ်ရွာစံပြီးနော် မင်းမရှိ၍ မြို့ကြေးရွာနေထားမကြဖြစ်နေ၍ မိုးပြဲအမတ်မြို့စာရေးဟိန်ထံမုံစုံညီ၍ ခွန်မိုင်းထံလာရော်အမိန့်ခံရာ ခွန်မိုင်းက မိုးပြဲမြို့ကို အအုပ်အထိန်းခန့်ရန် ရွေးချယ်ပါဟု အမတ်ဝန်ကြီးများအား အမိန့်ရှိတော်မူလေရာ အမတ်ကြီးဆိုင်လုံကွင်းမိုင်းဘာဆိုင်က ယွှုအခါ မိုးပြဲမြို့လည်း မင်းမရှိ မိုးနဲလည်း အအုပ်အထိန်းမရှိ နေထားမကြဖြစ်နေရာ ထိုအရပ်ဌာနသေများသည် ရှိုးဒယားနိုင်ငံအနီးအစပ်ဖြစ်၍ လူဆိုးသူဆိုးပေါများသောအရပ်ဖြစ်ရာ သာမညသြဇာသိမ်ငယ်မင်းအမျိုးအနွယ်မဟုပ်သောသူတို့ကို ခန့်ထားပါလျှင်လည်းမတော်မသင့်ပါ သားတော်မြေးတော်များကို ခန့်ထားစေလွှတ်မှသာ မြို့ကြေးရွာမြို့ပိပြား၍ ပြည်သူဆင်းရဲသား ပိပြားတည်ငြိမ်ရန်ရှိပါသည်။ သားတော်ကြီးနှစ်ပါးကို ခန့်ထားပေးအပ်ရပါလျှင်သားမြေးမြစ်ညွန့်အဆွန့်ရှည်စွာ မြို့ရွာပိပြားဆင်းရဲသားကျွန်တော်မျိုးတို့ စိတ်ဝမ်းကြည်သာရန်ရှိပါသောကြောင့် သားတော် ၂–ပါးလည်း တရားစွဲသုံးနှစ်လုံးသိမ်မွေ့အလေ့အလာနည်းနာဉပဒေစာပေပိတကတ်နားလည်တတ်မြော်ခြင်းကြောင့် အမူအခင်းမရှိရာ မညာမင့်တဲ့မှတ်ဖြောင့်သားစဉ်းစားမျှော်မြင်ဆင်ခြင်စူးစန်းတတ်ခြင်း ရတနာသုံးပါး၌လည်း သက်ဝင်ကြည်ညိုခြင်းသဘောရှိကြောင်း လျှော်ထားသောအခါ သဘောတော်ကြ၍ သားတော်ကြီး ၂–ပါးကို ခေါ် တော်မူ၍ တိုင်းပြည်မြို့ရွာအုပ်ချုပ်ရေးအချင်းအရာနည်းနာနိဿယမျမင်းကျင့်တရားများကို သွန်သင်ဆုမ္မ အတွင်းလူအပြင်လူများလည်း ယုံယူသင့်မှ ယုံယူသင့်သောစကားများကို နားမပါစေရ ယုံယူသင့်မှယုံ ဟိန်ထမင်စသောအရာရှိကြီးငယ်တို့ကိုလည်း နေတားတကြအမှုထမ်းမှချီးမြော်ထော်ပံ့ရမည်မယုံကြည်ထိုက်လူမိုက်လူကြွားများ အသုံးမပြုရဟူ၍ အရပ်ရပ်ကြိုးကြောင်းစကားသင်ကြားပဲ့ပြင်တော်မူ၍ သားတော်ကြီးသိုကော်ဘွားကို မိုးပြဲ သားတော်အလပ်သိုပိတ်ဘွားကို မိုးနဲ သားတော်အငယ်သိုစွန်ဘွားကို မိုးမိတ် အထွေးသိုနော်ဘွားကို သိန္နီမြို့ အသီးသီး ဆင်မြင်းလွှက်ရဲမင်ရှေဘော်များခွဲဝေပေးအပ်၍ မြို့ရွာကို စိုးအုပ်စေရန် လွှတ်တော်မူလိုက်လေ၏။ ထိုရောအခါအဝမြို့မင်းမိုးညှင်းဇလုံသားတော်သိုဟုံဘွားမှာ ကျမ်းထမ်းခက်ထန် ညာဏ်ပညာနည်းပါး အများကို မယုံကြည် ပြည်သူသတ္တဝါတို့ကို ညှင်းပန် ရဟန်းသံဃာတော်တို့ကိုလည်း ဘမ်းဆီးသတ်ညစ်သောကြောင့် မြို့ကြေးရွာ ချော်ချားဆင်းရဲသားမငြိမ်မသက်၍ မြန်မာများက သိုဟံဘွားကိုဘမ်းဆီးကွတ်ညှပ်ဇာတ်သိန်းလိုက်သဖြင့် မြန်မာလူမျိုးတို့ ခိုကိုးရာမရှိသောကြောင့် မင်းကြီးရန်နောင်က မှူးမတ်ဝန်တော်တို့ကို စုဝေး၍ ဆွေးနွေးတိုင်ပင်ရာ အဝထီးနန်းကို သိမ်းမြန်းအုပ်စိုးရန် အရေးအရပ် ငြိမ်ဝတ်ပိပြားအောင် ပါယ်တိုင်းပါယ်ပြည်မင်းကို အပ်နှင်းရမည်စကားအဆိုသွင်းရာ မင်းကြီးရန်နောင်က အချားတပါးပြည်ထောင်မင်းပင့်ယူတင်မြော်လျှင် မိုးညှင်းဇလုံမင်းရန်ကို ခုခံနိုင်မည်မဟုတ်။ အုန်းဘောင်ဘုရင်ခွန်မိုင်းကို ပင့်ယူစံမြန်းထီးနန်းတင်အပ်ရပါက အပါယ်ထီးစင် အဘယ်ထီးမင်းကမှ မတင်းမမှား အာဏာလက်ရုံးဘုန်းတခိုးတေဇာပညာကြီးရင့်

E-book is created by www.shanyoma.org

ခြင်းနှင့်ပြည့်စုံတော်မူကြောင်း ဖြေဆိုပြောကြားသဖြင့် အများသဘောတူညီကြသောကြောင့် ထို အခါ မှူးကြီးမတ်ရာ သေနာပတိတို့က ထီးဖြူမြော်စည်တန်ဆည်တံမြာခရာဒိုမင်းခွက်ခွင်မုရိုး တီးမုတ်မျိုးငါးမည်စည်ရှည်နန်းဘွဲ့တဆဲ့ငါးပါးသော မင်းခန်းမင်းနားနှင့်ပုဏ္ဏားရှစ်ဘော်ရင့်ရော် သာယာတင်လျှော်လှသွာများနှင့်တက်လာပင့်လျှော်ကြသောကြောင့် ဘကြီးတော်သိုပိတ်ဘွား၏ သား တော်အကြီးသိုကြင်ဘွားကို ညောင်ရွှေမြို့ အငယ်သိုစွန်ဘွားကို လဲချားမြို့ ပေးအပ်သနားတော် မူ၏။ ညီတော်သိုဟုံဘွားက အုန်းဘောင်ညီတော်အငယ်သိုစော်ဘွားကို ကျိုင်းတုံမြို့စိုးအုပ်စေ ရန် ပေးအပ်ခန့်ထားပြီးလျှင် သက္ကရာဇ် ၉၀၃ သာသနာတော် ၂၀၈၅ ခုနှစ် ဝါဆိုလွှန်း ၃ ရက်နေ့ တိုက်ဆင် ၂၀၀ နှစ်ရာ မြင်း ၃၀၀၀ သုံးထောင် ရဲမင်္ဂတော် ၄၀၀၀၀ လေးသောင်းကျော်နှင့်အဝ မြို့သို့ ဆင်းသွား ရွှေထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူလေ၏။ ညီတော်သားတော်တို့ကိုလည်း အ သီးအသီး မြို့ရွာဌာနဝေငှပြီးသည်အတိုင်း စံပျော်ရွှေနန်းပြာသာဒ်ရာဇပလ္လင်ထီးဖြူစသောမင်း ၏ ခန်းနားနှင့်လွတ်ရိုးဖွင့်လစ်စိုးစံကြစေ ညီတော်ညောင်ရွှေသိုကျင်ဘွား ညီတော်လဲချားသိုစုံဘွား မိုးဗြဲသားတော်သိုကော်ဘွား သားတော်မိုးနဲသိုပိတ်ဘွား သားတော်မိုးမိတ်သိုစော်ဘွား သားတော် သိန္နီသိုနော်ဘွားတို့ကို ညီတော်အုန်းဘောင်သိုဟုံဘွားက ရိုးကိုး၍ နှစ်သစ်ဝါကျွတ်သောအခါ တိုင်း ပြည်တို့၌ သက်ကြီးမိဘကကတော့ရိုးကတော့စဉ်အတိုင်း မကွက်မပျက်စေဘဲ ရွှေပန်းငွေပန်းများ ဖြင့် အဝရွှေနန်းသို့လာရော်ပူဇော်ကတော့ကြစေ ညီတော်ကြိုင်းတုံစော်ဘွားမှာ ခရီးလမ်းတာဝေး ကွာသည်ဖြစ်၍ သုံးနှစ်တကြိန်လာ၍ ကတော့စေဟူ၍ အမိန့်ထုပ်ပြန်ထားတော်မူခဲ့သည်အတိုင်း နှစ်သစ်ဝါကျွတ်သောအခါ ရှမ်းပြည်ကို့အမြို့က အဝရွှေနန်းတော်သို့ ဆင်း၍ ကတော့ကြရလေ ၏။ အုန်းဘောင်မြို့တွင် စံတော်မူစဉ် မြို့အရှေ့တောင်တောင့်၌ သက်တော်ရှည်ဘုရားတဆူ အ နော်တောင်တောင့်၌ သက်တော်ရာဘုရားတဆူ အရှေ့မြော်တောင်၌ ရွှေမြင်းဝန်ဘုရားတဆူ အ နော်မြော်တောင်၌ ရွှေမုဋ္ဌောဘုရားတဆူ တည်ဆော်ကိုးကွယ်တော်မူခဲ့၏။ ကမ္ဘောဇပြည်နယ်ခရိုင် များလည်း ညီတော်သားတော်များကို ခွဲဝေလွှဲအပ်၍ ခွန်မိုင်းက မြန်မာပြည်ရှမ်းပြည်ကို စိုးပိုင် သော ဘုရင်ဖြစ်၍ ကမ္ဘောစတိုင်းလည်း ခွန်မိုင်းလက်အော်ဖြစ်၍ ဘုရင်အရာမရော်ဘဲ စော်ဘွား စေါ် ပွါးဟူ၍တွင်လာခဲ့လေ၏။ စော်ဘွားဟူသောအဓိပ္ပါယ်သဘောမှာ ရှင်ဘုရင်၏ လက်အော်ခံ ကိုယ်စလည်ပြု၍ မြို့ရွာကို စိုးအုပ်ထိန်းသိမ်းကြည့်ရှုရသည်အတွက် ဘုရင်၏ ကိုယ်စားကိုယ်ပွား ဖြစ်ကြ၍ ရှမ်းလိုပြန်ဆိုသော် ( ၸဝ်ၽႃး )ဟူ၍ဆိုအပ်၏။ ရှမ်းတို့က (ၸဝ်ႁေႃ ၸဝ်ႁေႃ)ဟူ သောအခေါ် အဝေါ် အဓိပ္ပါယ်သဘောမှာ အဆက်ဆက်ဆင်းသက်ကြီးစိုးလာခဲ့ကြသော တိုင်းပြည် မင်းတို့သည် ရှမ်းဘာသာလို သိုဝ်ၶေႃးၽႃႉသိုဝ်လွႆႁေႃ သိုဝ်ၵွႆႁေႃ ဟူသောအမည်ကိုအစွဲပြု၍( ၸဝ်ႁေႃ )ဟူ သောအမည်ကို ခေါ်ဝေါ်ကြလေ၏။ ခွန်မိုင်းမင်းသည် အဝရွှေမြို့ရွှေနန်းနှင့်ကမ္ဘောစတိုင်းကို အုပ်မိုးစိုးစံတော်မူရာ မင်းဖြစ် ၆ ချော်နှစ် သက္ကရာဇ် ၉၀၉–ခု သာသနာတော် ၂၀၉၁ ခုနှစ်၌ နတ်ရွာစံတော်မူ၏။ ခွန်မိုင်းမင်းနတ်ရွာစံတော်မူပြီးနော် ဝန့်ရှင်တော်ဆိုင်လုံကွင်းမိုင်းဘာဆိုင် ဝန့်ရှင်တော်ရန်နိုင်သခ်ရာတို့ အုန်းဘောင်မင်းသိုဟုံဘွားထံ လာရော်လျှော်ထား အမိန့်တော်ခံရာ

E-book is created by www.shanyoma.org

သိုဟုံဘွားမင်းက မိုးဖြဲသိုကော်ဘွားမင်းကို တင်လျှော်ပင့်ယူရ မည်ဆို၍ မိုးဖြဲမြို့သိုကော်ဘွား မင်းကို ပင့်ဆောင်ရာသိုကော်ဘွားက သားတော်သိုခယ်ဘွားကို မိုးဖြဲမြို့လွှဲအပ်၍ အဝမြို့သို့ ဆင်း သွားပြီး မိုးဖြဲနရပတိဟူသောအမည်ကို ခံ၍အဝမြို့ထီးနန်းကို သိမ်းမြန်းစိုးစံတော်မူ၏။ ထို နှစ်အုန်းဘောင်သိုဟုံဘွားမင်းလည်း နတ်ရွာစံတော်မူ၍ သားတော်သိုပေါ် ဘွား ဆက်ခံစံစိုးတော်မူ ၏။ မိုးဖြဲနရပတိမှာ မြန်မာနိုင်ငံ အဝမြို့ကို သိမ်းမြန်းစိုးစံရာ မြန်မာတို့၏ အလေ့အလာ မြန်မာ တို့၏ စကားနားပါးယုံယူလိုက်စားတော်မူ၍ ရှမ်းလူမျိုးတို့ကို မကြည့် မရှုလစ်လျူရှုတော်မူသော ကြောင့် ရှမ်းအရာရှိအမှုထမ်းတို့သည် အသီးသီးဌာနရင်းသို့ ပြန်တက်နေထိုင်ကြလေ၏။ သက္က ရာဇ် ၉၁၃–ခုနှစ်တိုင်ရောက်သောအခါ စစ်ကိုင်းစားစည်သူကျော်ထင်က မိုးညှင်းဇလုံနှင့်ပူးပေါင်း၍ ထကြွသောင်းကျမ်းလူလွှက်ရဲမင်အများအပြားနှင့်အဝကို ဝန်းဝိုင်းတိုက်ခိုက်ရာ မိုးဖြဲနရပတိမင်း သည် အုန်းဘောင်သိုပေါ် ဘွားက မိုးမိတ်သိန္နီညောင်ရွှေမိုးနဲမိုးဖြဲ ရှမ်းပြည် ၉–မြို့စော်ဘွားများကို ခေါ် ယူ၍ လူလွှက်အမြန်ကူညီပါဟူ၍ စာလူစေလွှတ်လာသောကြောင့် အုန်းဘောင်မင်း သိုပေါ် ဘွားက နောင်တော်နရပတိမင်းသည် မြန်မာလူမျိုးများသာမြော်စားရှမ်းအမျိုးသားများကို မကြည့်မရှုပြစ်ပါယ်နေရာ ယခုစည်သူကျော်ထင်က ထကြွသောင်းကျမ်းမှ အဆွေအမျိုးတို့ကို အား ကိုးလေဟန် စေတမန်စေလွှတ်လာခြင်းသည် လူလွှက်ဆင့်ဆိုကူညီရန် လူလွှက်မရှိ နရပတိမင်း နှင့်လည်း ဆွေမျိုးမတော်မစပ်ဟူ၍ စာပြန်ကြားလိုက်လေ၏။ မိုးဖြဲနရပတိမင်းလည်း အုန်း ဘောင်မင်းက မကူမချီမတက်၍ စည်သူကျော်ထင်ရန် မခုခံနိုင်သောကြောင့် ဟံသာဝတီသို့ စုံသွားလေ၏။ ဟံသာဝတီဆင်ဖြူများရှင်က ပညာစလအမတ်ကို စေလွှတ် ကြိုယူစေ၍ ဒေးမဦး ယာဉ်တော်တွင် စံတဲနန်းဆောက်လုပ်၍ထားလေ၏။ အဝစည်သူကျော်ထင်က အဝမြို့နန်းကို ရ၍ နရပတိမင်းနှင့်အုန်းဘောင်မင်းတို့သည် သဘောထားစိတ်ဝန်းကွဲပြားကြသည်ကိုသိရ၍ အုန်း ဘောင်သို့ စာလူစေလွှတ်၍ မဟာမိတ်ဖွဲ့ကြလေ၏။ သက္ကရာဇ် ၉၁၅–ခုနှစ် တိုင်ရောက်သောအခါ မိုးဖြဲနရပတိက အဝကို အဆံယူ၍ အခွန်ကို ပေးပါဟု ဟံသာဝတီဆင်ဖြူများရှင်ကို ပြောကြားရာ ဟံသာဝတီမင်းက နရပတိနှင့်လူလွှက်အများစည်ကြပ်ပြီး အဝမြို့သို့ချီတက်တိုက်ခိုက်ရာ စည်သူ ကျော်ထင်က အုန်းဘောင်မင်းထံလူလွှက်ကူညီပါမည့်အကြောင်း စာလူစေလွှတ်ကြောင်းကြား ခဲ့သည်ကို သိုပေါ် ဘွားက လူလွှက်ရဲမင်တော်အများပါဆင်းသွားရာ ဝက်ဝင်ဆင်ခေါင်းတွင် ရောက် လျှင် အဝမြို့ပျက်ပြား စည်သူကျော်ထင်ကွယ်လွန်ပြီးကြောင်းကြားသိရ၍ တပ်နုတ်ပြန်လာခဲ့ လေ၏။ ဆင်ဖြူများရှင်လည်း အဝမြို့ကို ရ၍ နရပတိကို မပေးဘဲ မိမိ၏ညီ သတိုးမင်းဇောကို နန်းတင်ပေးအပ်လိုက်လေ၏။ မိုးဖြဲနရပတိလည်း အုန်းဘောင်သို့တက်လေရာ သိုပေါ် ဘွားက လက်မခံဘဲ မိုးနဲသို့ပို့လိုက်လေ၏။ ဆင်ဖြူများရှင်က အုန်းဘောင်ကမ္ဘောဇတိုင်းရှမ်းပြည်မြို့ရွာ များသို့ လူလွှက်နှင့်ချီတက်တိုက်ခိုက်မည်ရှိရာ အုန်းဘောင်မင်းသိုပေါ် ဘွားက ရဟန်းရှင်လူပြည်သူ သတ္တဝါပျက်ပြားပင်ပန်းမည်ကို စိုး၍ အုန်းဘောင်ခွန်မိုင်းနှင့်မိုးဖြဲနရပတိတို့ကို ညွှတ်ကိုင်းရှိသေ ကတော့ခြင်းကဲ့သို့ နှစ်သစ်ဝါကျွတ်သောအခါ နီးစပ်သောမြို့တို့သည် တနှစ်နှစ်ကြိမ် ဝေးသောမြို့

E-book is created by www.shanyoma.org

ရွာမှာ ၃ နှစ်တကြိမ် ရွှေပန်းငွေပန်းနှင့်ကတော့ပါမည်။ ကမ္ဗောစရှမ်းပြည်က အခင်းရေးကြောင်း ရှိလျှင် အင်အားအလျှော်ချီတက်ကူညီပါမည်ဟူ၍ စကားပြောဆိုပြီး ၂ ပြည်တပြည် သဘောတူ ကြေနပ်၍ စစ်မင်္ဂမပြုဘဲ မဟာမိတ်စာချုပ်ပြုလုပ်၍ ဆက်ဆံပေါင်းသင်းကြလေ၏။ ခွန်လူးမင်း သားတော် ခွန်ခန်းစော်ကစ၍ ရှမ်းပြည်ကမ္ဗောစအုန်းဘောင်သိုပေါ် ဘွားလွှတ်တိုင် ကေရာဇ် ဘုရင်မင်းအဖြစ်အုပ်းမိုးစိုးပိုင်တော်မူခဲ့လေ၏။ သိုပေါ် ဘွားမင်းဖြစ် ၉–နှစ် သက္ကရာဇ် ၉၁၈– ခုနှစ်တွင် နတ်ရွာစံတော်မူ၍ မိုးမိတ်သိုစော်ဘွားက လာရောက်ဆက်ခံလေ၏။ သိုစော်ဘွားမင်းဖြစ် ၁၃–နှစ် သက္ကရာဇ် ၉၃၁–ခုနှစ် သာသနာတော် ၂၁၁၃ တွင် နတ်ရွာစံတော်မူ၍ သားတော်သိုဟုံ ဘွားဆက်ခံစံစိုးတော်မူ၏။ ထိုအခါ အဝဘုရင်သတိုးမင်းဇောက လက်ဆောင်ပဏ္ဏာနှင့်မေတ္တာ စာကို လူလွှတ်စေရော်၍ ဟံသာဝတီသတိုးဥပရာဇာသည် ဆွေမျိုးခြင်းဖြစ်၍ သမီး တော်နတ်ပေါင်း မယ်ကို ထိန်းမြားထည့်အပ်လိုက်ရာ ချစ်ခင်ခြင်းမရှိဘဲ ဇင်းမယ်စော်ဘွားနှစ်မတော် ဓါတုကလျာ ကိုသာ ချစ်ခင်မြော်စား သမီးတော်ကို မကြည့်မရှုသည်ပြင် နှိပ်စက်ညှင်းပန်းနှုဘုတွင်းသေ့းထွက် သံရှိအောင် တွန်းထိုးထိခိုက်သဖြင့် သမီးတော်က သွေးစွန်းသောအကျီကို ထုပ်၍ ချိတ်တံဆိတ် ခတ်ပြီး အဖြစ်အပျက်များနှင့်အတွင်းစာရေးသားပေးပို့ခဲ့ရာ ရရှိကြည့်ရှုသိမြင်ရ၍ အသည်း နှစ်လုံးကို လုံ့နှင့်ဆွသခဲ့သို့ နာကျင်ပြင်းပြဒေါသမဆည်နိုင်သည်နှင့်ဟံသာဝတီသို့ ချီတက် သိမ်း ယူရန် အုန်းဘောင်မင်းနှင့်မဟာမိတ်ဖြစ်ကြပါသည့်အတိုင်း လွှက်လူသူကူညီပါမည့်အကြောင်း စာလူတမန်စေလွှတ်အကြောင်းကြားရာ လူလွှက် ၁၀၀၀၀ တသောင်းကျော်နှင့်အမတ်ကြီး ဆိုင်အူမိုင်းခန်းကိုအပ်ပေးအုပ်ချုပ်၍ ဆင်းသွားကူညီစေရာ ဟံသာဝတီမင်းက ဘိနှင်းတိုက်ခိုက် ရာ အဝမြို့အနီးပန်းယမြို့စီးနှင်းမိသောကြောင့် သတိုးမင်းဇောက ဆင်စီး၍ စစ်က အရာအရေး မလှရှိ၍ ထွက်ပြေးသောကြောင့် အုန်းဘောင်မြို့ရဲမင်္ဂတော်များလည်း တပ်နုတ်ပြန်တက်လာ ကြလေ၏။ ဟံသာဝတီမင်းက စစ်သည်ရဲမင်္ဂလွှက်များနှင့်အုန်းဘောင်မြို့ကို ချီတက်တိုက်ခိုက် မည်ရှိရာ အုန်းဘောင်မင်းက လွှက်နှင့်မခုခံ ချိုသာစွာ စကားပြောဆို၍ ဟံသာဝတီမင်းက အုန်း ဘောင်ခွန်မိုင်းနှင့်နရပတိမင်းတို့ကဲ့သို့ နှစ်သစ်ဝါကျွတ်လျှင် ရွှေပန်းငွေပန်းနှင့်ကတော့မြဲအတိုင်း ကတော့ရမည်ဆို၍ အုန်းဘောင်မင်းက ပြည်သူသတ္တဝါမပင်ပန်း မပျက်စီးရန် သတ္တဝါကို ဂရုဏာ တရားထား၍ သဘောတူညီပြီး ၂–ပြည်တပြည် မဟာမိတ်ဖွဲ့၍ စာချုပ်ထားကြလေ၏။ သိုဟုံဘွား မင်းဖြစ် ၁၅ နှစ် သက္ကရာဇ် ၉၄၆ ခုနှစ် သာသနာ ၂၁၂၈ တွင် နတ်ရွာစံတော်မူ၍ သားတော်သို ခယ်ဘွားဆက်ခံစိုးတော်မူ၏။ သက္ကရာဇ် ၉၅၈–ခုနှိုက် ဟံသာဝတီသတိုးဥပရာဇာညီတော်က ညောင်ရမ်းမင်းတရားအမည်ခံ၍ အရပ်ရပ်မြို့ကြေးရွာများကို လှည့်လည်တိုက်ခိုက်၍ အုန်း ဘောင်မင်းက အတိုက်အခိုက်မရှိရအောင် အရေးစကားပြောဆိုနေသည်အခိုက်အခါ သက္ကရာဇ် ၉၅၉–ခု သာသနာတော် ၂၁၄၁ ခုနှစ်တွင် မင်းဖြစ် ၁၃–နှစ်တွင် နတ်ရွာစံတော်မူ၍ သားတော် ခွန်ခန်းလိုင်ဆက်ခံစံစိုးရာ စကားအပြောအဆိုမပြီးမပြတ်အဆုံးမသတ်သေးဘဲ ညောင်ရမ်းမင်း တရားက နွားလံတောင်ချေရင်းချင်းနင်းနယ်ချားကျော်တိုင် စိုက်မှတ်ပြီးလျှင် အသစ်စာချုပ်ရေး

E-book is created by www.shanyoma.org

သားထားရလေ၏။ ထိုအခါ မိုးနဲစော်ဘွားကြီးက ယ္ခုဟံသာဝတီကို တောင်ငူမင်းရခိုင်ဧည္ဒဝတီမင်းတို့တိုက်ခိုက်၍ ပျက်ပြားကြောင်းသိသည်နှင့်ဟံသာဝတီမောင်ချတတ်သည် သစ္စာတရားမရှိ ဘကြီးတော်မိုးဗြဲနရပတိကို စောင်မလေဟန်နှင့်အဝမြို့ကို အတူပူးပေါင်းတိုက်ခိုက်ရာ ပြည်ရွာကို ရရှိ၍ ဘကြီးတော်ကို မပေးဘဲ သူ၏ညီသတိုးမင်းဇောကို ပေးအပ်လိုက်လေ၏။ ယ္ခုလည်း ဘိုးဘေးက ဆင်းသက်၍ စိုးမိုးပိုင်ဆိုင်ခဲ့သည့်အုန်းဘောင်နယ်မြေကြေးရွာများကို ဖွဲ့ယူပြီး ကျော်တိုင်စိုက်မှတ်ထား၏။ ချင်းတို့လောဘကြောင့် ဟံသာဝတီပျက်ပြားရသည်ကို သတိမရ အဝမြို့ပျက်ပြားအောင်တိုက်ခိုက်သည် ဘကြီးတော်မိုးဗြဲနရပတိမင်း၏အမွေကို ဆက်ခံမည်ဆို၍ လူလွှက်အများစုဆောင်း၍ ညောင်ရွှေမြို့မြော်ပေါရိသတ်ဘုရားတွင် တန်းရပ်တောင်တပြင်စော်ဘွားမြို့စားတို့ကို ခေါ်ဆောင်လူလွှက်စုရုံးနေသည်ကို ညောင်ရမ်းမင်းတရားကြားသိ၍ အုန်းဘောင်မင်းခွန်ခန်းလိုင်ထံ စာလူတမန်စေလွှတ်ခဲ့၍ မိုးနဲမိုးဗြဲသိန္နီလဲချားညောင်ရွှေမိုးမိတ်စသောမြို့ကြေးရွာများသည် အုန်းဘောင်မင်းဆင့်ဆိုရာနာခံကြသောဆင့်စုပနယ်မြေဖြစ်သည်တကြောင်းဆွေမျိုးသားခြင်းဖြစ်ကြသည်တဝ အဝနှင့်အုန်းဘောင် ၂–ပြည်ထောင်လည်း ဘေးလောင်းတော်ရွှေနန်းကျော့ရှင်နရပတိမင်းကစ၍ ၂–ပြည်တပြည်ချစ်ကြည်၍ မဟာမိတ်စာချုပ်အတန်တန်ရှိခဲ့သည်မက နောင်တော်သတိုးဥပရာဇာမင်းနှင့်အကျွန်ုပ်လွှက်၌လည်း စာချုပ်စာတန်းများရှိနေကြသည်အတိုင်း မိုးနဲစော်ဘွားကြီးက အဝမြို့ကို နှောင့်ရှက်ထိပါးခြင်းမရှိရအောင် ပိတ်ပင်တားဆီးပါမည့်အကြောင်း စာလူတမန်ရောက်လာသည်အတိုင်း အုန်းဘောင်မင်းခွန်ခန်းလိုင်က မိုးနဲစော်ဘွားကြီး အဝမြို့ မထိပါးရအောင် နိုင်နင်းစွာတားမြစ်ပါမည်ဟူ၍ စာပြန်ကြားလိုက်ပြီးလျှင် မိုးနဲစော်ဘွားကြီးထံ ကျိုးကြောင်းပြသ၍ စာလူစေလွှတ်ကြောင်းကြားတားမြစ်ရာ မိုးနဲစော်ဘွားကြီးက ဟံသာဝတီရှင်နီတာသားမောင်ချတို့သားအဘနှိပ်စက်စော်ကားသည်ကို မခံလိုသောကြောင့် ယ္ခုအခါ တောင်ငူဘုရင်ရခိုင်ဘုရင်တို့တိုက်ခိုက်၍ မြို့ရွာပျက်ပြားအင်အားနည်းပါးသည်အခါ ရတနာပူရအဝရွှေမြို့ရွှေနန်းကို ဘိုးတော်ခွန်မိုင်းမိုးဗြဲနရပတိတို့ပိုင်ဆိုင်သော တိုင်းနိုင်ငံဖြစ်၍ ၎င်းတို့၏အမွေရိပ်ရာတော်ကို ဆက်ခံရန် ညောင်ရမ်းစားကို ဘမ်းဆီးသုတ်သင်လို၍ ချီတက်လာသည်ကို ပိတ်ပင်တားဆီသော်လည်း မနေတော့ဘဲ မြန်မာတိုင်းပြည်ကို လက်ရသိမ်းယူမည်ဟူ၍ စာပြန်ပေးသောကြောင့် ထိုအခါ ခွန်ခန်းလိုင်က ဆင်းရဲသားပင်ပန်း၍ ရဟန်းရှင်လူပြည်သူသတ္တဝါအများ ချော်ချားတုံလှုပ်၍ ရှုပ်ထွေးပါလိမ့်မည်။ ၂–ပြည်တပြည်ခဲ့သို့အရှည်သဖြင့်မဟာမိတ်ဘွဲ့စည်းပေါင်းသင်းနေထိုင်ကြလျှင် စည်းစိမ်မညိုးတိုးပွါးသာယာသတ္တဝါချမ်းရေန် ရှိကြောင်း မြန်မာနှင့်မသင့်မတင့် တိုက်ခိုက်ကြလျှင် မြန်မာအင်အားကြီးမား၍ ဘိစီးခဲ့လျှင် ဆင်းရဲသားပင်ပန်းရဟန်းရှင်လူပြည်သူသတ္တဝါများစွာ ဒုက္ခရောံမည်ပြင် ကိုယ်ရပြီးသော စည်းစိန်သော်မှ ဆုတ်ယုတ်ပျက်ပြားရန်အကြောင်းရှိသည်။ မိုးနဲစော်ဘွားကြီးကို တားမြစ်၍ မရလျှင် ကျွန်ုပ်တာဝံရှိပါစေဟူ၍ စာပြန်ကြားထားရလေသည်။ သို့ကြောင့် အဝမြို့မဆင်းမသွားမထိမပါးဘဲ တပ်ကိုနုတ်သိမ်း၍ ပြန်သွားပါ ထပ်မံစာလူစေလွှတ်ရာ မိုးနဲစော်ဘွားကြီးက အုန်းဘောင်မင်းက မြန်

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

မာများကို ကျော်ရှန့်၍ အညှံ့ခံလျှင် ခံပါ။ ကျွန်ုပ်ဖြင့် အညံမခံ မြန်မာနိုင်ငံကို လက်ရသိမ်းယူမည်ဟူ၍ စာပြန်ကြားလိုက်သောကြောင့် ခွန်ခန်းလိုင်က အများအကျိုးကောင်းအောင်ရှိစေရန် ပြောဆိုတားမြစ်သည်ကို မချေမင်တော်လံသောစကားပြောဆိုရန် မသင့် အဝမြို့မဆင်းမသွားခင် လက်ရဘမ်းယူမှုတော်မည်ဟု အမိန့်ရှိပြီးလျှင် လူလွှက်ရဲမင်္ဂများစွာနှင့်ပေါရိသတ်ဘုရားရော ကိုယ်တိုင်တော်ချီသွားရာ မိုးနဲစော်ဘွားကြီးက မခုခံဘဲ တပ်ကို နုတ်သိမ်း မိုးနဲမြို့သို့ ပြန်သွားသည်ကို အုန်းဘောင်မင်းက မိုးနဲမြို့သို့ချီတက်လိုက်လံသွားရာ မိုးနဲစော်ဘွားကြီးကျော်ရှန့်အားကြီး၍ ဇင်းမယ်မြို့သို့ ပြေးဝင်သွားလေ၏။ ခွန်ခန်းလိုင်က ဇင်းမယ်စော်ဘွားထံ စာရေးတောင်းဆို၍ ဇင်းမယ်စော်ဘွားလည်း မိုးနဲစော်ဘွားကို ရိုးကိုးယူဆောင်လာရော်ပို့အပ်သည်ကို တစုံတရာပြစ်မပေးဘဲ သွန်သင်ပြောဆိုဆုမ္မ၍ မိုးနဲမြို့ကို ပြန်အပ်လိုက်ပြီးလျှင် တပ်ကို နုတ်သိမ်းပြန်လာခဲ့၏။ ခွန်ခန်းလိုင်မှာ သားတော်ခွန်ရွှေတိုင်ဟူ၍တပါးရှိ၏။ ခွန်ခန်းလိုင်မင်းဖြစ် ၃၉ နှစ် သက္ကရာဇ် ၉၉၇–ခုသာသနာတော် ၂၁၇၀–ပြည့်နှစ်တွင် နတ်ရွာစံ၍ သားတော်ခွန်ရွှေတိုင် ဆက်ခံရာ ၁၉–နှစ်တွင် နတ်ရွာစံသည်။ နော်သားတော်သိုစံဘွားဆက်ခံရာ သားတော်သိုဝယ်ဘွားတပါးရှိ၏။ သက္ကရာဇ် ၁၀၂၃–ခုနှစ်တိုင်ရော်သောအခါ တရုပ်ရဲမင်္ဂနှစ်သိမ်းကျော်နှင့်သိမ်ဆီဝမ့်အုပ်ချုပ်၍ မြို့အဝမြို့သို့ဆင်းသွားလာရာ သိန္နီမှာ အုပ်ထိန်းသောမင်းမရှိ၍ သိန္နီမြို့အမတ်ခန်းတန်အမတ်မောင်ပိုက်တို့က လက်ဆောင်ပန္နာများနှင့်လာရော်၍ သိန္နီမှာ အအုပ်အထိန်းမင်းမရှိ လစ်လပ်နေရာ အမတ်မြို့စာရေးများအုပ်ထိန်းရာလည်း အချင်းချင်းမညီညွတ် တရော်သြဇာတရော်မနံ့နာ မြို့ကြေးရွာမတည်ငြိမ်တုံလှုပ်ချော်ချားနေသည်အတွင်း တရုပ်လူမျိုးတို့များစွာဆင်းလာသည်ကို ပြည်သူဆင်းရဲသားများကျော်လန့်အားနှင့်အချားမြို့ကြေးရွာသို့ ကူးလူးပြေးပြောင်းနေကြပါသဖြင့် သားတော်ဖြစ်စေ ညီတော်ဖြစ်စေ ကိုယ်တိုင်တော်ဖြစ်စေ တက်ရော်အုပ်စိုးတော်မူပါမှ မြို့ကြေးရွာငြိမ်ဝပ်ပိပြားရန်ရှိကြောင်း လျှော်တင်သောအခါ သိုစံဘွားက သားတော်သိုဝယ်ဘွားကို အုန်းဘောင်လွှဲအပ်၍ ကိုယ်တိုင်တော်သိန္နီမြို့သို့ တက်ရော်စိုးစံတော်မူ၏။ အုန်းဘောင်မင်းမှာ သမီးတော်ကြီးနန်းသုဒ္ဓါ သားတော်ဥဂ္ဂါဝရ ဥဂ္ဂါဇေယျ ခွန်စံမြ ခွန်စံမြဲ သုဒေဝ ခွန်နှိုင်းဟူ၍ သားတော်သမီးတော် ၇ ပါးရှိ၏။ ထိုအခါ အဝမြို့နှိုက် သာလွန်မင်းတရားသားတော်အငယ်စိုးစံသောလွှက်ဖြစ်၍ တရုပ်ရဲမင်္ဂစစ်တပ်တို့က အောင်ပင်လယ်ရော်ချီတက်ရာ ချိုသာစွာ အရေးစကားပြောဆို၍ စစ်မင်္ဂမပွါးဘဲ ပြန်သွားလေ၏။ သို့နှင့်ဝန်ရှင်တော်စည်သူနော်ရထာက အဝမင်းထံလျှော်ထားသည်မှာ အဆက်ဘေးလောင်းတော်ရွှေနန်းကျော့ရှင်နရပတိကဲ့သို့ အုန်းဘောင်မင်းနှင့်တပြည့်တပြည်ချစ်ကြည်ဆက်ဆံ၍ တဦးရေးကြောင်းရှိလျှင် တဦးကူညီချီတက်က ဤကဲ့သို့ တရုပ်လူမျိုးများ အုန်းဘောင်ပြည်ဖြတ်ကူးပြီး အဝမြို့နေပြည်တော်သို့ လာရော်ဝမ့်မည်မဟုပ်။ အုန်းဘောင်မင်းနှင့်လည်း ဆွေမျိုးဖြစ်ကြသည်ပြင် မဟာမိတ်စာချုပ်လည်း အတန်တန်ရှိပါသည်အတိုင်း ဆက်လက်၍ ဆက်ဆံပေါင်းသင်းသင့်ကြောင်း အုန်းဘောင်မင်းမှာ နန်းသုဒ္ဓါဟူသောသမီးတော်ရှိ၍ တည်ကြည်လိမ္မာအဆင်းအင်္ဂါပြည့်စုံ၍ ပညာပဟုသုတနက်နဲခြင်းရှိကြောင်း ကောင်းခြင်းငါးပါးစကား

ချို့မြပိယဝါစာသဒ္ဒါနှစ်လုံးဉပဒေစာပေကျမ်းကံလွန်ဆန်ကြေပြွန်သောမိမ္မမြတ်ဖြစ်ကြောင်း ကြော်ညာကြားသိရပါသည်။ လက်ဆောင်ပန္နာသဝဏ်စာများနှင့်စေလွှတ်ကြောင်းလမ်းတောင်းရမ်းပါကသင့်မြတ်မည်ထင်ပါကြောင်း တင်လျှော်ရာ အဝမင်းက စည်သူကျော်ထင်တင်စကားကို အားရနှစ်သက်တော်မူ၍ လက်ဆောင်ပန္နာသဝဏ်စာလွှာနှင့်စည်သူနော်ရထာကိုယ်တိုင်ပင် တက်ရော်ကြောင်းလမ်းစေ၏။ သိုဝယ်ဘွားမင်းလည်း တပြည်နှင့်တပြည်ချစ်ကြည်ရန် သဘောထားနှင့်အထက်ဘိုးလောင်းဘေးလောင်းတော်တို့၏ နည်းအစည်းအနှောင်မပြတ်ဆက်လက်သင့်သည်အတိုင်း ထိန်းမြားပါမည်ဟူ၍ စာပြန်ကြားလိုက်ပြီးလျှင် လွှက်ဆင်မြင်းလုံးရင်းရဲမင်္ဂများစွာတို့နှင့်သမီးတော်နန်းသုဒ္ဒါကိုဆောင်ကြင်းဆင်းသွားထိန်းမြားပို့စေရာ အဝမင်းကလည်း ဆင်မြင်းရထားစစ်သည်တော်များနှင့်ရှေ့ဝင်းနော်ဝင်းတပ်ခင်းကျင်း၍ ကြိုဆိုယူပြီးလျှင် အနောက်နန်းမတော်မိဖုရားကြီးအရာထားလေ၏။ မောင်တော်ဉဂ္ဂါဝရ ခွန်စံမြတို့လည်း အစ်မတော်နော်လိုက်၍ အဝမြို့သို့ဆင်းသွားနေထိုင်လေ၏။ ဉဂ္ဂါဝရခွန်စံမြတို့ကို အဝတ်အစားမနွမ်းမပင်ပန်းရအောင် ဉဂ္ဂါဝရကို မြို့ကြီးနှင့်ညောင်လှမြို့ကို ပေးစား၏။ ခွန်စံမြကို ရနောင်မြို့ပေးစား၏။ သိုဝယ်ဘွားမင်းဖြစ် ၄၁ နှစ် သက္ကရာဇ် ၁၀၆၄–ခု သာသနာတော် ၂၂၄၆–ခုနှစ်တွင် နတ်ရွာစံတော်မူ၏။ ဉဂ္ဂါဝရအဝမြို့၌ နေထိုင်စဉ် လောကမာန်အောင်ဒါယကာမြော်နန်းမိဖုရား၏ ညီမတော်နှင့်ပေါင်းသင်း၍ ဘွားမြင်သော် သားတော်ဇောရရော်ဒါဟူ၍တပါးရှိ၏။ ဉဂ္ဂါဝရမင်းအုန်းဘောင်ပြန်တက်လာသောအခါ အဝမင်းက ဇော်ရရော်ဒါကို သားအမှတ်ဖြင့် တောင်းယူပြုစုကျွေးမွေးထားတော်မူ၏။ ဇော်ရရော်ဒါ၏ မုံ့ပဲအဝတ်ဘိုးအတွက် သုံးစွဲရာန် ကပေ့ရွာကို ပေးစား၍ ပပေ့ရွာရွာစားဟူ၍ မည်တွင်လေ၏။ ဉဂ္ဂါဝရမင်းဖြစ် ၂၃–နှစ် သက္ကရာဇ် ၁၀၇၆–ခု သာသနာတော် ၂၂၅၈–ခုနှစ်နတ်ရွာစံတော်မူ၍ ညီတော်ဉဂ္ဂါဇေယျဆက်ခံရာ သမီးတော်ကြီးနန်းဟုံးခန်း သားတော်ခွန်ဆန်မြစွဲဟူ၍ ၂–ပါးရှိ၏။ သက္ကရာဇ် ၁၀၇၇–ခုနှစ်တိုင်ရော်လျှင် အုန်းဘောင်တွင် အစာရေစာရှားပါးဆင်းရဲသားပြည်သူတို့ငတ်မွတ်ခေါင်းပါးရောဂါများပြားထူထပ်ရပ်ရွာမတည်မငြိမ် တမြို့တရွာအချားတပါးသို့ရှောင်ခွါပြေးပြောင်းကြ၍ မြို့ပြရွာပြည်ပျက်ပြားမည်လော်ရှိသဖြင့် အမတ်ကြီးလူပညာရှိနှင့်ရဟန်းပညာရှိများကို ပင့်ဘိတ်ခေါ် ယူစည်းဝေးရာ ရဟန်းတော်အရှင်ဓမ္မဝိသာရ–ဝိမာလာစာရ–ပညာဇောတ–ခန္ဓလင်္ကာရဆရာတော်ဘုရားကြီးတို့နှင့်ပညာရှိအမတ်လူကြီးတို့ကအုန်းဘောင်မြို့သည် မြို့သက်ကြိန်းခန်းလည်း မှေးမိန်သည်အတွက် ရောဂါဉပါဒ်လည်း ထူထပ်ပေါများလည်းကပ်သုံးပါးဆိုက်ရော်ပြင်ရွာကြေးလက်များလည်း ထကြွတော်လှံ့သည် အကျိုးစီးပွါးများမှာ ပျက်စီးရန်ရှိ၏။ မြို့တော်၏ အရှေ့ဘက်၌ ရွှေ့ပြောင်း၍ မြို့သစ်တည်ထောင်ပါလျှင်ဒန္ဒမဘက်စစ်မင်္ဂမပြုရာန်မရှိပြီပြားသာယာ သာသနာတော်လည်း ရောင်ဝါထိန်ဝင်း နေသို့လင်း၍ ပြည်သူသတ္တဝါဖျားနာမကပ် ဉပါတ်မတင် စင်ကြယ်သန့်ရှင်း မင်းလည်းချမ်းသာ အာဏာတိုးတက်ကြေးလက်ပြည်ရွာသာယာငြိမ်ဝပ်ရန်ရှိကြောင်း မေတ္တာစာဆက်သွင်းကြရာ ဉဂ္ဂါဇေယျမင်းက အုန်းဘောင်နယ်တွင်းဝင်စော်ဘွားမြို့စားဟိန်ထမုန်သူကြီးများကို ဆင့်ဆိုနှိုးဆော်ခေါ် ယူစု

ဝေးပြီး မြို့တော်၏ အရှေ့တာခုနစ်နှစ်ကွာ ဒုဌာဝတီမြစ်နှင့်လှယ်ကြိုန်းခန်တောင်စပ်ကြားတွင် သံဃာတော်မြတ်များ ပင့်ဆောင်၍ ပရိတ်ကမ္မဝါရွတ်ညပ်ဘတ်ကြားပြီး သီးမျိုးစုံစွာ ပဒေသာများ ဆက်ကပ်လှူဒန်းပွဲလမ်းသဘင်ပြုလုပ်၍ ရတနာတော်မြတ်သုံးပါးသိကြားဗြဟ္မာသမ္မာဒေဝလောကပါလသာသနာတော်စောင့်နတ်မြို့ရပ်စောင့်စည်းနတ်ကြီးနတ်ကောင်းအပေါင်းအတွင်း ၃၇–မင်းပြင် ၃၇–မင်းမြို့တွင်း ၁၈–ပါးသောနတ်မင်းနတ်သ္မီးများပင့်ဘိတ်တိုင်ကြားပသ အာဟာရ ထမင်းဟင်းခဲဘွယ်ဘောစဉ်အချိုအချဉ်အဆိန့်အအိန့်တို့ဖြင့် တင်လှူပသပြီးလျှင် သက္ကရာဇ် ၁၀၇၈–ခု သာသနာတော် ၂၂၆၀ ပြည့်နှစ်ကဆုံလွှန်း ၁၂–ရက်နေ့တွင် ကောင်းမြတ်သောနက္ခတ် အခါမင်္ဂလာအမြော်သံပေး၍ ရွှေပနက်သည်း ငွေပနက်သည်းချမှတ်စိုက်ထူအရှေ့အနော်တာ ၅၀၀ ငါးရာ တောင်မြော်တာ ၂၀၀ နှစ်ရာ ကြိုးတိုင်းဝါတာတို့ဖြင့် သတ်မှတ်ပိုင်းချားနေသည်အတွင်း ဖြူဝါနီမောင်းအကြောင်အကြားရွှေပန်းချီရေးသားသခဲ့သို့ ထူးပျားဆန်းကြယ်လှပတင့်တယ်သောသိန်းငှက်တကောင်ကို ပုလောင်လူမျိုးတို့က လာရော်ဆက်သသောကြောင့် ပရိသတ်အများတို့က သောသောအုပ်အုပ်ကောင်းချီးကြေညာလာရော်ဝိုင်းအုံကြည့်ရှုကြသည်ကို ထိုအကြောင်းကို အစွဲပြု၍ တည်ထောင်သောမြို့သစ်တော်ကို သိန်းပေါ်မြို့ဟူ၍ သမုဒ်ခေါ်ဝေါ်တော်မူ၏ ။ မြို့တောင်ဘက်က နံ့ပေါချောင်းအနောက်ဘက် မြော်ကိုပါတ်၍ လာသော နံ့ဟောင်ကျောင်းချောင်းတူးဘောက်၍ အနော်ကအနော်မှာ ဘုရားရှင်းအရှေ့မြော်ရွှန်းရွှန်းတွင် ဇေတဝန်ကျောင်းတော်ကြီးဆော်လုပ်လှူဒါန်း၍ မြို့ရိုးအမြင့် ၁၅–တောင်တူးဖို့လုပ်ဆောင်စေ၍ ပြောင်းရွှေ့စိုးစံတော်မူ၏ ။ ဥက္ကါဇေယျမင်းဖြစ် ၄–နှစ် သက္ကရာဇ် ၁၀၈၀–ပြည့်နှစ် နတ်ရွာစံ၍ ညီတော်ခွန်စံမြ ၄–နှစ် ဆက်ခံ၍ နတ်ရွာစံလေလျှင် ညီတော်အငယ် ခွန်နိုင်းနှင့်ဥက္ကါဇေယျသ္မီးတော်နန်းဟုံးခန်းတို့ သင့်မြတ်စုံဘက်၍ ဆက်ခံစံစားလေ၏ ။ အဝမြို့မှာလည်း ဟံသာဝတီပါမင်းစိုးစံ၍ အရပ်ရပ် မြို့ကြေးရွာများတဦးနှင့်တဦးတမြို့နှင့်တမြို့မသင့်မတင့်အောင်ဂိုးချောတို့ဆိုမြော်ပင့်မွှေနော်၍ ရှမ်းပြည်မြို့ရွာအချင်းချင်းမသင့်တင့်တိုက်ခိုက်ကြသောကြောင့် အရပ်ရပ်မြို့ရွာပျက်ပြားကြ၏ ။ အုန်းဘောင်မင်းဆင့်ရပါစော်ဘွားမြို့စားတို့ကိုလည်း ဆွေမျိုးခြင်းဖြစ်ကြလျက် ဟံသာဝတီပါမင်းက သွေးကွဲအောင် လူစေလွှတ်တို့ပင့်တိုက်တွန်းရာ စော်ဘွားမြို့စားတို့သည် အုန်းဘောင်မင်းဆင့်ဆိုသည်ကို မနာမယူကြဘဲ ဘီလာပြုလုပ်ပုန်ကန်ကြသည်ကို လူလွှက်စုရုံး၍ တိုက်ခိုက်နှိမ်နင်းရာလည်း မြန်မာတို့စစ်သားများကူညီခုခံလေသောကြောင့် မနှိမ်နင်းနိုင်ရှိ၏ ။ ရှမ်းပြည်စော်ဘွားမြို့စားတို့သည် ဟံသာဝတီမင်း၏ စကားကို လိုက်သဖြင့် အုန်းဘောင်မင်းဆင့်ဆိုရာ မနာမခံလို နယ်မြေမြို့ရွာပိုင်းချားသတ်မှတ်ပေးစေရန် ဟံသာဝတီပါမင်းသို့ပြောဆိုကြသောကြောင့် ဟံသာဝတီပါမင်းက မြန်မာရဲမင်္ဂတော်တသောင်းကျော်နှင့်ရှမ်းပြည်တက်လာ မြို့ရွာခွဲဝေပေးရန် ဟံသာဝတီမင်းအမိန့်အရ ရဲမင်္ဂတသောင်းကျော်နှင့်တက်လာရကြောင်း ဆုံးဖြတ်ရာ မနာမခံသောမြို့နယ်တို့ကို တိုက်ခိုက်ရမည်ဟု အမိန့်တော်ပါလာကြောင်း မြန်မာရဲမင်္ဂတော်နှင့်ရှမ်းပြည်စော်ဘွားမြို့စားစုံညီ ဟံသာဝတီပါမင်းစေလွှတ်လိုက်သော တက်တူရနောင် တက်ခေါင် မိုင်းမူး ကြွယ်



E-book is created by www.shanyoma.org

လူး မူရန္တပွ ရွှေပန်းတန်သွေးသော်ကြီးသီရိနန္ဒရော်ဒါ ဇေဇာ်ရိုင်းရွှာစားရမ္ဗဒေးတို့က စီးကဲနိုင်ထက် အတင်းအားဓမ္မမြို့ရွာနယ်မြေများကို လုယက်ရယူခဲ့ဝေကြလေ၏။ မြန်မာရဲမင်္ဂနှင့်စော်ဘွားမြို့စားတို့စုံညီ သက္ကရာဇ် ၁၀၀၃–ဝါဆိုလွှန်း ၁၂–ရက်နေ့က နယ်မြေပိုင်းချားကြရာ အုန်းဘောင်နယ်မြေသည် အရှေ့ကို လားသော် ၃–ရက်ခရီးကွာ နမ့်ရေဆွတ်ဦးထိ သိန္နီနယ်မြေနှင့်ကျောကိုင်း အရှေ့တောင်ကို လားသော် ၃–ရက်ခရီးကွာ လွယ်ခိုစုတ်တောင် ထင်ရှူးတောင် ဝါမြူတောင် နံ့လောင်းချောင်းကော်ကော်စင်းစင်း မိုင်းကိုင်နယ်နှင့်ကျောကိုင်း အနော်တောင်ကိုလားသော် ၃–ရက်ခရီးကွာ အယ်ရင်လမ်းမကြီး ဇော်ဂျီချောင်းမြယ်ဟုံဆိပ်ကန်းလမ်းမထိ ရပ်စော်နယ်မြေနှင့်ကျောကိုင်း အနော်ကို လာသော် ၃–ရက်ခရီးကွာ ပန်းပုတောင်သရက်ငါးပင်အင်ပက်လက်သစ်ဟားပင်မရစိန်စခန်းငါးသူတောင်တန်းထိသုံးဆယ်မြေနှင့်ကျောကိုင်း အနော်မြော်ကို လားသော် ၃–ရက်ခရီးကွာ ဂုံညင်းတောင်ရိုးတောင်ကလပ်သုံးဆင့်ထိ မိုးမိတ်နယ်မြေနှင့်ကျောကိုင်း မြော်ကိုလားသော် ၃–ရက်ခရီးကွာ ဂဇတောင်ညောင်ပင်ကြီးဘုရားခွေးကုန်းတော်လောက်ထိ တောင်ပိုင်နယ်မြေနှင့်ကျောကိုင်းအရှေ့မြော်ကိုလားသော် နှစ်ရက်ခရီးကွာ နံ့တူချောင်းကော်ကော်စင်းစင်း တာပန်တောင်ဆိပ်ကန်းထိ သိန္နီနယ်မြေနှင့်ကျောကိုင်းဟူ၍ နယ်လေးရပ်လေးမျက်နှာသတ်မှတ်ပိုင်းချား၍ မိုင်းရင်းမြို့ မိုင်းတတ် မိုင်းလုံ မိုင်းတုံ နှုံလုံမြို့များမှာ အတွင်းတပ်ပေါင်းဖွဲ့စီး၍ ရွာကြီးရွာမ ၁၅၆ ရွာ ရွာငယ် ၁၅၆၉ ရွာကိုးကင့်ကိုးကူဘို့များကိုသာ အုန်းဘောင်မြို့ဆင့်ဆိုကော်ခံယူစားရမည်ဟု အတင်းအဓမ္မမစာချုပ်ရေးသားနယ်မြေခွဲဝေလုယူသောကြောင့် အုန်းဘောင်မင်းခွန်နိုင်းက မကြေမအေးဘေးလောင်းဘိုးလောင်းတော်တို့က ဆင်းသက်ပိုင်ဆိုင်စိုးစံခဲ့သည့်နယ်မြေနိုင်ငံများကို မြန်မာမင်းက ဆွေမျိုးချင်းချင်းစိတ်ဝမ်းကွဲပျား သွေးချားနားအောင် ကုံးချောတို့ပင်ချီးမြော်အားပေးခြင်းကြောင့် လူလွှက်များနှင့်ကူညီတိုက်ခိုက်စီးကဲနိုင်ထက်နယ်မြေများလုယူရာ ယှူအကြင်းသာရကြောင့် နော်သားနှောင်လာမြေးမြစ်အညှန့်အစွန့်ရှေစွာ ကမ္ဘာကြေသော်လည်း မကြေဥဒါဏ်ထီးနန်းတိုင်းပြည်အမွေဆက်ခံမည့်သူတို့က ငါ့ကို အပြစ်တင်ကဲ့ရဲ့စကားပြောကြားကြမည်ကို အလွန်ပင်ရှက်တော်မူသည်။ မြန်မာဖျက်ဆီးသည်အတွက် ဆွေမျိုးသားခြင်းလည်း သွေးကွဲ၍ ကျိုးနဲရှက်ရကြောင်းအမိန့်ရှိပြီး မျက်ရေဖြိုင်ဖြိုင်ကြတော်မူရှာ၏။ ထို ၁၀၀၃–ခုနှစ်၌ အမတ်ကြီးဆိုင်ကွင်းမိုင်းက သိန္နီမြို့သို့ တပ်ချီတက်သွားရာမှ ပြန်လာလေ၏။ ကုသိုလ်တော်ဘုရားဝတ်ကြီးကြပ်မဆော်လုပ်လှူဒါန်းသောကြောင့် ထိုဝတ်ကြီးကို သိန္နီပြန်အမတ်က ကထကမပြုလုပ်၍ ဆော်စေရသည့်အတွက် သိန္နီဝတ်ဟုသမုဒ်၏။ မဟာရာဇာခွန်နိုင်းမင်းဖြစ်နှစ်ပေါင်း ၃၀ သုံးဆယ် သက္ကရာဇ် ၁၁၁၄ သာသနာတော် ၂၂၉၆–ခုနှစ် နတ်ရွာစံတော်မူလျှင် မွေဆက်ရာခံသားတော်မရှိ သွီးတော်နန်းကန်ဂေါ် လည်း အသက် ၂–နှစ်ရွယ် အငယ်နန်းမြစန္ဒာလည်း ၈–လရွယ်ရှိသေးသည်။ သွီးငယ်သာကျန်ရှိ၍ အမတ်လူကြီးများတို့က ကြည့်ရှုအုပ်ထိမ်းကြလေ၏။ အဝမြို့မှာလည်း ဟံသာဝတီပါမင်းကို အနယ်နယ်အမြို့မြို့မနှစ်မြို့ မုန်းထားကြသည်နှင့် တလိုင်းတို့က တိုက်ခိုက်ရာ လူလွှက်မကူညီသောကြောင့် တလိုင်းတို့က ဘမ်းယူရသွားလေ၏။

E-book is created by www.shanyoma.org

မြို့ရှာမငြိမ်ဝပ်ပဲ သောင်းကြမ်းထကြွနေရာ ရွှေဘိုရှာနယ်တိုက်သူကြီးမောင်အောင်ဇေယျက အလောင်းမင်းတရားကြီးအမည်နာမံခံ၍ တလိုင်းတို့ကို အရပ်ရပ်မြို့ကြေးရွာနယ်သို့ လူလွှက်ကူညီကြစေရန် တောင်းခံ၍ စုပေါင်းတိုက်ခိုက်လေ၏။ အုန်းဘောင်မှာ မင်းမရှိ လစ်လပ်နေ၍ အဝမြို့လောကမာန်အောင်ဒါယကာမွေးစားထားသော ဥဂ္ဂါဝရ သားတော်ကပဲစားဇော်ရရော်ဒါကို စုံစမ်းရှာဖွေယူရာလည်း လောကမာန်အောင်ဒါယကာနှင့်ဟံသာဝတီသို့ပါသွားကြောင်း သိရ၍ အရေးရှုပ်ထွေးသည်အတွင်းဖြစ်၍ ဟံသာဝတီသို့မလိုက်မသွားနိုင်သောကြောင့် အမတ်လူကြီးတို့မြို့ကို အုပ်ထိန်းနေရ၏။ ဇော်ရရော်ဒါသည် ဟံသာဝတီရောက်သွားသောအခါ ဟံသာဝတီဘုရင်က မြန်မာလူမျိုးမဟုတ် အုန်းဘောင်မင်း၏ သားမြေးမြစ်ဖြစ်ကြောင်း သိ၍ ဝတ်စားမညိုးမနွမ်းရအောင် ပြုစုကျွေးမွေး၍ ဟံသာဝတီမင်းသမီးတော်ခင်စောဥနှင့်ထိမ်းမြားလက်ထပ်သွက်တော်ဘမ်းလိုက်၏။ သက္ကရာဇ် ၁၁၁၆–ခုတိုင်ရောက်ကာလ အုန်းဘောင်မင်းသားမြေးမှန်သည်အတိုင်း အမတ်လူကြီးတို့က ဟံသာဝတီသို့သွားရောက်ဇော်ရရော်ဒါမင်းကို ပင့်ဆောင်ခဲ့၍ ဇော်ရရော်ဒါနှင့်ခင်စောဥလိုက်လံတက်လာ အုန်းဘောင်သီပေါထီးနန်းကို သိန်းမြန်းစိုးစံတော်မူ၏။ ဇော်ရရော်ဒါမင်းနှင့် ခင်စောဥစုံဘက်၍ ဘွားမြင်တော်မူသော သားတော်ကြီးခွန်မြတ်သန္ဓေ အလပ်ခွန်မြို့ အငယ်ခွန်ဆိုးဟူ၍ သုံးပါး သမီးတော်ဆိုင်မွန်းစံ နန်းရွှေအိမ်ဟူ၍ ၂–ပါး သားတော်သမီးတော် ၅–ပါးရှိ၏။ ထိုအခါ ကွေဂုဏ္ဏအိမ်က မောင်အောင်ဇေယျကို ခုခံတိုက်ခိုက်မိ၍ ကျော်ရွှန်သည်နှင့်သားမယားကြေးကျွန်တို့ကို ယူဆောင်၍ အုန်းဘောင်သီပေါမြို့သို့တက်လာ ဇော်ရရော်ဒါမင်းထံလက်ဆောင်ပန္နာဆက်သပုံးအောင်းနေရာ မြန်မာကျွန်တော်တို့က လိုက်လာခေါ် ယူခြင်းကို မလိုက်မသွားသည်ပြင် မြန်မာတို့ကို သတ်ဖြတ်ထွက်ပြေးသောကြောင့် ဇော်ရရော်ဒါမင်းက ရွှေဘိုရွာစားမောင်အောင်ဇေယျကို အရပ်ရပ်မြို့ကြေးရွာက လူလွှက်သွားရောက်ကူညီ၍ တလိုင်းတို့ကို တိုက်ခိုက်လေရာ အရေးသာအောင်မြင်၍ နေပြည်တော်မြို့သမုဒ်ထီးနန်းဆော်လုပ်ပြီး အလောင်းမင်းတရားဟူသောဘွဲ့နာမံခံ၍ စိုးစံနေလေသည်ကို မကူညီလာသောမြို့နယ်ကြေးရွာများကို တိုက်ခိုက်လိမ့်မည်ဆို၍ ငါတို့နယ်မှာ ထိုအခါ မင်းမရှိဘဲ လစ်လပ်နေ၍ မသွားမရောက် မကူညီရသည်ပြင် ကွေဂုဏ္ဏကသူကို ခုခံတိုက်ခိုက်၍ ငါတို့၏ မြို့၌ လာရောက်ပုံးအောင်းနေရာ မြန်မာတို့လိုက်လာခေါ် ယူရာ မလိုက်သည်ပြင် မြန်မာများကို သတ်ဖြတ်၍ ထွက်ပြေးသည်နှင့် ငါတို့မြို့ပေါ် တွင် အပြစ်အတတ်တင်ရှိနေခဲ့၏။ ယွှုအရေးတွင် မကူညီပါက မြန်မာတို့နှင့်အခင်းဖြစ်ပွါးရန်ရှိသည်သွားရောက်ကူညီမှ သင့်မည်ဆို၍ လူလွှက်စုပြီး အမတ်ကြီးကွင်းမိုင်းအူအုပ်ချုပ်စေ၍ ဆင်းသွားကူညီစေလေ၏။ စောရရော်ဒါမင်းဖြစ် ၁၃–နှစ် သက္ကရာဇ် ၁၁၂၉–ခု သာသနာတော် ၂၃၁၁–ခုနှစ်တွင် နတ်ရွာစံ၍ သားတော်အကြီး ခွန်မြတ်သန္ဓေက ခွန်နိုင်းသမီးတော်နန်းကန်ဂေါ် နန်းမြစန္ဒာညီအစ်မ ၂–ပါးလုံးသင့်မြတ်၍ ဆက်ခံစံစား၏။ နန်းကန့်ဂေါ် တွင် ဘွားမြင်သောသားတော်ခွန်ရွှေကြာ ခွန်အောင် ကွတ်ခွန်ပန်း ခွန်ခွေးဖြူ ခွန်ဘော်ဟူ၍ သားတော်ငါးပါး သမီးတော်ကား သီရိအင်ဆုံ နန်းဆိုင်မြတ်နု နန်းဆိုင်မွန်း နန်းဆိုင်အောင် နန်းဆိုင်ထွေးဟူ၍ ငါးပါး သားတော်သမီးတော် ၁၀–ပါး နန်းမြစန္ဒာတွင်



E-book is created by www.shanyoma.org

ဘွားမြင်သော သားတော်ကား ခွန်နော်ဘွား ခွန်စံထွန်း ခွန်ကြောင်း ခွန်စံဦး ခွန်ရွှေခိုင် ခွန်ကျော်ဝိုင်းဟူ၍ ၆–ပါး သမီးတော် နန်းမွေးခန်း နန်းဆိုင်မိန်း နန်းဆိုင်စံ နန်းဆိုင်ဥ နန်းဆိုင်လုံဟူ၍ သားတော်သမီးတော် ၁၁–ပါး ခွန်မြတ်သန္ဓေ၏ သားတော်သမီးတော်ပေါင်း ၂၁–ပါးရှိ၏။ ခွန်မြတ်သန္ဓေစိုးစံတော်မူသည်အတွင်း ကျီတာလောဝမ့်က အကြီးအအုပ်ဦးစီး၍ တရုပ်ရဲမက်စစ်သားအများအပြားချီဆင်းလာရာ မဟာရာဇာခွန်မြတ်သန္ဓေက မိမိဆင့်စုပါ စော်ဘွားမြို့စားဟိန်ထမုံများကို လူလှန်ကိုဆင့်ခေါ် ယူ၍ စည်အင်တွင် ခံတပ်ဆော်လုပ်ခုခံ၍ အထက်စာချုပ်ပါအတိုင်း အဝမြို့က လူလှန်နှင့်တကလာကူညီပါမည်အကြောင်း စာလူစေလွှတ်အကြောင်းကြားရာ အဝမင်းက လူလှန်များစွာစုဆောင်း၍ ဝန်ရှင်တော်မင်းကြီးမဟာသီဟသူကို အုပ်ချုပ်ဦးစီး၍ တက်လာကူညီရာ တရုပ်အင်အားကြီးမားလှ၍ မခုခံနိုင်သောကြောင့် တပ်ပျက်ပြေးလွှားရသည်နှင့် အုန်းဘောင်မင်းလည်း သားမယားကျေးကျွန်တို့ပါ အောံမြန်မာနိုင်ငံတော်သို့ ဆင်းသွားပြီး တပ်ကြီးအရပ်တွင် စံတဲနန်းဆော်လုပ်စံနေလေ၏။ တရုပ်တပ်လည်း အဝမြို့အောင်ပင်လယ်ရော်ချင်းနှင့်လိုက်တိုက်ရာ မြန်မာစစ်တပ်ရဲမက်တဘက် အုန်းဘောင်စစ်တပ်သားရဲမက်တို့ကတဘက် တာဝန်ခွဲဝေ၍ တရုပ်များကို ညှပ်တိုက်ရာ တရုပ်များစွာ သေကြေပျက်စီးသည်နှင့် အရေးစကားပြောဆိုပြေငြိမ်း၍ ပြန်သွားကြလေ၏။ အဝမင်းလည်း ခွန်မြတ်သန္ဓေကို ချစ်ခင်၍ တဦးအခင်းအရေးကြောင်းရှိက တဦးကူညီကြတန်း မဟာမိတ်စာချုပ်ချုပ်ထားလိုက်လေ၏။ ခွန်မြတ်သန္ဓေလည်း သက္ကရာဇ် ၁၁၃၀–ပြည့်နှစ်တွင် အုန်းဘောင်သို့ပြန်တက်၍ ရေအရှေ့ဘက်မော်လိမ်းအရပ်တွင် မြို့သစ်တည်ပြီး ရွှေ့ပြောင်းစံနေတော်မူလေ၏။ သက္ကရာဇ် ၁၁၄၀–ပြည့်နှစ်တွင် အဝမြို့တည် ပဒုံမင်းက အုန်းဘောင်မင်းသမီးတော်နန်းသီရိအင်ဆုံကို မိဖုရားအရာမြော်စားလိုကြောင်း တောင်းခံ၍ ခွန်မြတ်သန္ဓေက ချစ်ကြည်ကြသည်အတိုင်း သမီးတော်ကို ထိမ်းမြားပါမည့်အကြောင်း စာပြန်ပေးပြီးလျှင် မှူးမတ်အရာရှိအမှုထမ်းရဲမက်စစ်သည်တို့ကို ဝတ်စားပေးကမ်း၍ အမတ်ကြီးဆိုင်ခံမိုင်းကို စည်းကြပ်ဆင်းသွား၍ သမီးတော်ကို ပို့အပ်စေလေ၏။ ပဒုံမင်းလည်း ဆင်မြင်းရထားစစ်သားရဲမက်တို့ကို ဝင်းခင်း၍ အရာရှိမှူးမတ်ဝန်ကြီးတို့ပါ လမ်းဥဆီးကြိုယူ၍ အဆောင်လွှတ်ထိပ်ထားကြီးနေရာဥ ထားတော်မူလေ၏။ ထိုနော် သက္ကရာဇ် ၁၁၄၄–ခုနှစ်တိုင်လျှင် တဘန် ပဒုံမင်းသားတော်အိမ်ရှေ့မင်းက အုန်းဘောင်သမီးတော်နန်းမွေခန်းကို အိမ်ရှေ့မိဖုရားမြော်လိုကြောင်း တောင်းရမ်းပြန်သောကြောင့် ခွန်မြတ်သန္ဓေက အထက်နည်းအတိုင်း ထိမ်းမြန်းမည်ကို စာပြန်၍ အမတ်မြို့စာရေးဟိန်ထမုံတို့ကို ဝတ်စားပေးကမ်းစခမ်းစည်အတိုင်း ပွဲလမ်းသဘင်ကြင်းပစွန့်ကြဲပေးကန်း၍ အမတ်မြို့စာရေးတို့စရိပ်ထပ်မံတောင်းခံလာရာ ရှောင်တခင် ငွေမရနိုင်၍ အမတ်ဆိုင်ခန်းမိုင်းလီ အမတ်ဆိုင်ရွှတ်တို့ကို ရပ်စော်မြို့သို့စေလွှတ်၍ ကျော်ကူ–နောင်လုံ–ဆုံတန်းကုံးဟန်နောင်ဝိုးနောင်အန်ကြေးရွာနယ်မြေ ၂၄ ရွာကို ဖွယ်ချိန် ၂၅ ပိဿာနှင့်တန်းဆောင်မုံလွှန်း ၇–ရက်နေ့တွင် ပေါင်နှံ၍ စရိပ်ပြုလုပ်ဆင်းသွားပို့အပ်စေလေ၏။ အိမ်ရှေ့မင်းလည်း ခင်းကြင်းကြိုယူတော်မူ၍ အိမ်ရှေ့မိဖုရားကြီးအရာမြော်စားတော်မူလေ၏။ အိမ်ရှေ့မင်းနှင့်နန်းမွေစုံဘက်



E-book is created by www.shanyoma.org

၍ သားတော်ထိပ်တင်မှေးကို ဘွားမြင်တော်မူ၏။ သက္ကရာဇ် ၁၁၄၅–ခုနှစ်နိုက် ပဒုံမင်းက အမှူးကြီးရဲကျော် ပုဏ္ဏားတို့ကိုစေ၍ လွှတ်၍ မြို့အရှေ့တောင်တောင့်ကုန်းဂူတွင် ရွှေကူစေတီတော်ဘုရားလာတည်တော်မူ၏။ မဟာရာဇာခွန်မြတ်သန္ဓေမင်းဖြစ် ၂၃–နှစ် သက္ကရာဇ် ၁၁၅၀–ပြည့် သာသနာတော် ၂၃၃၂–ခုနှစ်တွင် နတ်ရွာစံ၍ သားတော်ကြီးခွန်ရွှေကြာဆက်ခံစံစိုးလေ၏။ ခွန်ရွှေကြာမျာ သားတော်ခွန်အော ခွန်မြတ်အော ခွန်မြတ်ဝိုင်း ခွန်ဘုန်း ခွန်ခွေး ခွန်ကြာထွန်းဟူ၍ ချော်ပါးရှိ၏။ သမီး နန်းဆိုင်မွန်းတပါး သားတော်သမီးတော် ၇–ပါးရှိ၏။ ခွန်ရွှေကြာသည် သတ္တဝါ အများသနားကြင်နာခြင်းသီတင်းသီလအင္ဂဂ်ဒသင်္ဂတို့ကို ဝါတွင်းဝါပမပြတ်ကျင့်သုံးခြင်း သာသနာတော်ကို ယုံကြည်၍ ချီးမြှော်လှူဒါန်းခြင်း မကောင်းမှုဒုစရိုက်တရားတို့ကို မလိုလား ဆယ်ပါးသော မင်းကျင့်တရားကို ကျင့်သုံးခြင်း သင်္ဂြိုဟ်ရလက္ခဏာဘာဝနာကမ္မဌာန်းတို့၌ လေ့လာဝါစားတော်မူ၍ မင်းလုပ်ရသည်စည်းစိမ်ကို ရွှန်ရှာစနိုးအကျိုးမနပ်ဟူ၍ သဘောထားတော်မူ၏။ သက္ကရာဇ် ၁၁၅၈–ခုနှစ်နိုက် ညီတော်ခွန်ခွေးဖြူကို တိုင်းပြည်မြို့ရွာလွှဲအပ်၍ စိုးအုပ်စေတော်မူ၏။ ခွန်ခွေးဖြူကား သားတော်ကြီးခွန်မြတ်ဘုန်း အလပ်ခွန်မြတ်နေ သမီးတော်နန်းဆိုင်ဟူ၍ သားတော်သမီးတော် ၃–ပါးရှိ၏။ ခွန်ခွေးဖြူ မင်းဖြစ် ၆–နှစ် သက္ကရာဇ် ၁၁၆၄–ခုနှစ်တွင် နတ်ရွာစံလျှင် ခွန်မြတ်သန္ဓေမြေး ပဒုံမင်းသားတော်နှင့်နန်းမွေးခန်းစုံဘက်ဘွားမြင်သော ထိပ်တင်မှေးက ဘိုးအရိပ်အရာကို အမရပူရမြို့ကနေ၍ ဆက်ခံစိုးအုပ်ရာ ၁၇–နှစ်ရရှိ၍ ဦးရီးတော်ခွန်ရွှေကြာကို တဘန်ပြန်အပ်အုပ်စိုးစေတော်မူ၏။ ၁၁၈၇–ခုနှစ်တိုင်လျှင် အဝဘုရင်စစ်ကိုင်းမင်းက ဣန္ဒိယနိုင်ငံနှင့်အခင်းဖြစ်ပွားကြရာ အထက်စာချုပ်အတန်တန်ရှိသည်တကြောင်း ညီတော်ထိပ်တင်မှေးနှင့်ဆွေမျိုးခြင်းဖြစ်ကြသည်တဝ ယွှာအရေးတွင် လူလွှက်ကူညီပါမည့်အကြောင်းနှင့်စာလူလာရော်ကြသည်အတိုင်း အုန်းဘောင်ခွန်ရွှေကြာက သားတော်ခွန်ခွေးကို လူလွှက်ရဲမင်္ဂစုဝေး၍ ဆင်းသွားကူညီစေ၏။ အရေးပြေငြိမ်း၍ ခွန်ခွေးပြန်ရော်လာလျှင် ခမည်းတော်ခွန်ရွှေကြာက ငါ့မှာအသက်ကြီးရင့်အိုမင်းဆိုးရွှား၍ ဘုရားကျောင်းတက်ပြုနေလိုသည်ဟူ၍ မြို့နယ်ကြေးရွာနိုင်ငံကို သားတော်ခွန်ခွေးသို့လွှဲအပ်စိုးအုပ်စေတော်မူ၏။ သက္ကရာဇ် ၁၂၀၀–ပြည့်တွင် ညီတော်ရွှေဘိုမင်းက အဝစစ်ကိုင်းမင်းကို တော်လှံထကြွထီးနန်းကိုလုသဖြင့် အဝမင်းက တဦးနှင့်တဦး ကူညီမြဲရှိခဲ့သည်အတိုင်း အုန်းဘောင်မင်းက လူလွှက်နှင့်လာရော်ကူညီစေလိုကြောင်း စာလူလာရော်၍ အုန်းဘောင်မင်းခွန်ခွေးက လူလွှက်စေ့ကြပ်ပြီး ခွန်ခွေးဖြူသားတော်ကြီး ခွန်ဘုန်းကို အုပ်ချုပ်စေ၍ ဆင်းသွားကူညီစေ၏။ ထိုအတွင်း အုန်းဘောင်မင်းခွန်ခွေးလည်း နတ်ရွာစံ၍ ရွှေဘိုမင်းက ထီးနန်းရယူလျှင် ခွန်မြတ်ဘုန်းတက်လာ၍ မြို့ရွာနိုင်ငံကို ဆက်ခံစိုးအုပ်လေ၏။ ခွန်မြတ်ဘုန်းမင်းဖြစ် ငါးနှစ် သက္ကရာဇ် ၁၂၀၅–ခုတွင် နတ်ရွာစံ၍ ဘထွေးတော်ခွန်ဘော်မင်းဆက်လက်စိုးစံတော်မူ၏။ ခွန်ဘော်မင်းကား သားတော်ကြီးခွန်ဇာတိ အငယ်ခွန်ဘုန်း သမီးတော်ကြီး နန်းဆိုင်သူဇာ နန်းဆိုင်ကေသာ နန်းဆိုင်နီလာ နန်းမင်းအောင် နန်းဆိုင်ထွေးဟူ၍ သားတော် ၂–ပါး သမီး ၅ ပါး ၇–ပါးရှိ၏။ ထိုအခါ ရွှေဘိုမင်းက ဘိုးတော်ပဒုံမင်းနှင့်ခွန်မြတ်သန္ဓေတို့ခဲ့သို့ ဆွေ



E-book is created by www.shanyoma.org

မျိုးရင်းနှီးလာခဲ့သည်ကို ထော်၍ သမီးတော်နန်းဆိုင်ကေသာကို ပြုစုကျွေးမွေးလိုကြောင်း တောင်းဆိုသည်နှင့်ခွန်ဘော်မင်းလည်း အထက်ထက်က ဆက်ဆံရင်းနှီးလာခဲ့သည်အတိုင်း သမီးတော်နန်းဆိုင်ကေသာကို ရဲမင်ဗိုလ်ပါနှင့်အမတ်လူကြီးများဆောင်ကြဉ်း၍ သွားပို့စေ၏။ ၁၂၁၄–ခုနှစ်၌ နောင်တော်ပုဂံမင်းက မင်းဒုံးမင်းကို တော်လှံ နိုင်ငံထီးနန်းများကို လုယက်သဖြင့် မင်းဒုံးမင်းက အထက်ဘိုးဘေးဘီကစ၍ အရေးအခင်းရှိလျှင် ကူညီကြမြဲဖြစ်၍ ယခုအရေးတွင် အုန်းဘောင်မင်းက လူလွှက်လာ၍ ကူညီပါမည့်အကြောင်း အတွင်းစာရေးသားပို့ရော်လာသည်အတိုင်း ခွန်ဘော်မင်းက စစ်သားရဲမင်လူလွှက်စည်းကြပ်၍ ခွန်မြတ်သန္ဓေသားတော်အငယ် ခွန်ကြာထွန်းကို အပ်ပေးအုပ်ချုပ်ချီယူဆင်းသွားကူညီစေ၏။

မင်းဒုံးမင်းနှင့်ခွန်ကြာထွန်းတို့က ဝိုင်းဝန်းတိုက်ခိုက်ရာ ပုဂံမင်း ရမိသိမ်းဆည်း၍ မြို့ရွာထီးနန်းကို ပြန်ရသည်နှင့်မင်းဒုံးမင်းက ခွန်ကြာထွန်းကို နှစ်သက်ချစ်ခင်တော်မူ၍ ဝတ်စားမနွမ်းညှိုးရအောင် ပြုစုကျွေးမွေးထားလေ၏။ ခွန်ဘော်မင်းဖြစ် ၁၄–နှစ် ၁၂၁၉–ခုနှစ်တွင် နတ်ရွာစံတော်မူ၍ ခွန်ကြာထွန်းတက်လာဆက်ခံမည်အခါ မင်းဒုံးမင်းက သားသမီးငယ်များကို ခေါ်မသွားဘဲ ရင်ကြေးလိမ္မာပြေပြစ်စနစ်ဥပဒေစာပေကျမ်းဂန်များကို တတ်မြော်နားလည်ကျွန်းကြင်အောင် သင်ကြားပြသဩဝါဒနည်းပေးသားသမီးကဲ့သို့ ကျွေးမွေးပြုစုထားမည်ဟူ၍ အမိန့်ရှိသောကြောင့် ခွန်ကြာထွန်းလည်း သားတော်ခွန်ကြာခိုင်ကို မင်းဒုံးမင်းထံ အပ်နှံထား၍ အုန်းဘောင်သို့တက်ရော်မြို့ရွာထီးနန်းများကို ဆက်ခံစံစိုးတော်မူ၏။ မင်းဒုံးမင်းရားကြီးလည်း ခွန်ကြာခိုင်ကို သားရင်းမချား ချစ်ခင်တော်မူ၍ မင်းညီမင်းသားများကဲ့သို့ အစဉ်းအနှင်းအဆောင်အရွက်များကို ချီးမြင့်သနား၍ ပြုစုကျွေးမွေးထားလေ၏။ ခွန်ဘော်သမီးတော်နန်းဆိုင်ကေသာကိုလည်း ချီးမြော်မိဖုရားကြီးအရာထားတော်မူလေ၏။ ခွန်ကြာထွန်းသည် သက္ကရာဇ် ၁၂၁၉–ခုနှစ်က အုန်းဘောင်သီပေါမြို့ကို ဆက်ခံစိုးပိုင်ရာ သတ္တဝါပြည်သူပြည်သားအများတို့ကို ချစ်ခင်သနား မင်းကျင့်တရားနှင့်အညီ စိုးအုပ်တော်မူ၍ နေ့စဉ်ဝတ်တ်ဝတ်ကပ်ကြစေရန် နိုးဆော်တော်မူ၍ သာသနာတော်ကိုလည်း ယုံကြည်သက်ဝင်အစဉ်မပြတ်ဆည်းကပ်ရတနာမြတ်သုံးပါးကို ရှိသေမြတ်နိုးကိုးကွယ်လှူဒါန်းရဟန်းသဃာတော်တို့ကိုလည်း ချီးမြော်ထော်ပံ့၍ ပစ္စည်းလေးပါးမရှားမပါးရအောင် လှူဒါန်းတော်မူ၏။ ဝါပဝါတွင်းသီတင်းသီလအဌဂ်ဒသသီများကို ဆော်တည်သည်။ အရာရှိအမှုထန်းကြီးငယ်တို့ကိုလည်း မညှိုးနွမ်းစေရန် ဝတ်စားလစာလယ်တာစမွါးစသည်တို့ကို ပေးကမ်းကျွေးမွေးတော်မူ၏။ ပြည်သူသတ္တဝါများအပေါ်၌လည်း တရားရှိရာအမှုအလျော် မညာမငဲ့တဲ့မှတ်စွာသောနှလုံးစွဲသုံးစီရင်ဆုံးဖြတ်တော်မူခြင်း ဈေးကင်းကတို့မှာလည်း ရှေးရှေးသောမင်းများကော်ခံသည်ထက် လျှော့ပေါ့၍ ကော်ခံခြင်း ဆင်းရဲသားကုန်သည်နွားလားဝံတင်ရှင်တို့ကိုလည်း ရင်းနှီးငွေတော်ထော်ပေးဆပ်စေခြင်း မင်းကျင့်တရားမမှားမရွှင်းအောင် စောင့်ထိန်းတော်မူသောကြောင့် မြို့ရွာငြိမ်ဝပ်ပိပြားစည်ကားသာယာသတ္တဝါအများချမ်းသာ၍ ရှစ်မျက်နှာက စစ်မင်ရန်သူမပြုမပေါ်မရှိ အစားရေစာဝပြောစွာရှိလေ၏။ အနော်မှာဘုရားမြော်ဘက်ကုံး

E-book is created by www.shanyoma.org

တော်ပေါ်၌လည်း ရဟန်းသဃ်ာတော်တို့ဥပုဒ်ပဝါရနာပြုရန် သိန်တော်ကြီးစေတီဘုရားဝတ်ကျောင်းတော်များကို ဆောံလုပ်၍ သီးမျိုးစုံစွာ ပဒေသာပင်ကျောင်းစေ့ပွဲလမ်းပြုလုပ်လှူဒါန်းတော်မူ၏။ ခွန်ကြာထွန်း၏ သားတော်ကြီး ခွန်ကြာခိုင် သ္မီးတော်နန်းမြစုကာ နန်းဆိုင်သူဇာဟူ၍ သုံးပါးရှိတော်မူ၏။ သက္ကရာဇ် ၁၂၂၈–ခုနှစ်၌ မင်းဒုံးမင်းက မဒိမင်းသားသည် တော်လှံပုံကန်သဖြင့် အုန်းဘောင်သီပေါမင်းက လူလွှက်အမြန်လာကူပါဆို၍ ခွန်ကြာထွန်းကိုယ်တိုင်တော် စစ်သားရဲမက်အများအပျားစုယူ၍ ဆင်းသွားကူညီရာ ရန်ငြိမ်း၍ မင်းဒုံးမင်းက ခွန်ကြာထွန်းမင်းချီးမြော်သောအားဖြင့် သုံးဆယ်မြို့ မိုင်းလုံမြို့ မိုင်းတုံမြို့များသည် အထက်ထက်ကလည်း အုန်းဘောင်စီရင်စုပါဝင်သောနယ်ဖြစ်၍ ယွှလည်း ရယူသိမ်းသွင်း အုန်းဘောင်သီပေါနယ်ပါဝင်စေ၍ စိုးအုပ်ပါဟူ၍ အပ်ပေးသည်နှင့်ပဒိုမင်းချီးမြင့်သည်အတိုင်း ခွန်ကြာထွန်းမင်းလည်း ပြန်တက်တော်မူလာ၍ သုံးဆယ်မြို့ကို သိမ်းသွင်းပြုပြင်နေသည်အတွင်း အုန်းဘောင်သီပေါမြို့သို့မရောံသေးဘဲ ရောဂါစွဲကပ်၍ ၁၂၂၈–ခု ပြာသိုလအတွင်းနှိုက် သုံးဆယ်မြို့တွင် နတ်ရွာစံတော်မူ၏။ ခွန်ကြာထွန်းမင်းဖြစ် ၉–နှစ် နတ်ရွာစံ၍ သားတော်ကြီးခွန်ကြာခိုင် ဆက်ခံစံစိုးတော်မူ၏။ သက္ကရာဇ် ၁၂၃၀–ပြည့်နှစ်တွင် သီရိမင်္ဂလာသောကကုသိုလ်တော်ပေါ်ကြိုဘုရားစေတီတော်ဝတ်ကျောင်းတန်ဆောင်တော်များ ပျက်စီးရှိရှင်း၍ စောကြာခိုင်က ကမကထပြု၍ စေတီတော်နှင့်တန်ဆောင်တော်ကို ပြဿဒ်ကျောင်းပြင်ဆင်ဆောံလုပ် လုပ်ဆောင်၍ ကပ္ပွဲလမ်းသဘင်ပြုလုပ်လှူဒါန်းတော်မူလေ၏။ စောကြာခိုင်သည် ပြည်သူသတ္တဝါများအပေါ်၌ မေတ္တာဂရုဏာတရားရှိတော်မူ၍ မကောင်းမြစ်တားကောင်းရာတိုက်တွန်းချစ်ခင်စောင့်ရှော်သွန်သင်ဆုမ္မတော်မူ၏။ လောကီလောကုတ္တရာစီပွါးချမ်းသာတိုးတက်အောင် သတင်းသီလဘာဝနာလေ့လာကျင့်ကြံရတနာသုံးပါးကိုင်းဆိုင်ညွှတ်နူးကြရန် တိုက်တွန်းနိုးဆော်တော်မူ၏။ ကိုယ်တိုင်တော်လည်း သတင်းသီလမပြတ်သတင်းတိုင်းဆောံတည်စောင့်ရှော်တော်မူ၍ သာသနာတော်ကိုလည်း ယုံကြည်ဆည်းကပ် သာသနာတော်ထမ်းရဟန်းသံဃာတော်တို့ကို ပစ္စည်းလေးပါးမရှားရအောင် လစဉ်အလှူတော်ဝတ္ထုငွေများလစဉ်ထောံပံ့လှူဒါန်းတော်မူ၏။ အရာရှိအမှုထံးကြီးငယ်တို့ကိုလည်း ဝတ်စားလစာလယ်တာစမွါးသင့်လျှောသလောံပေးရင်းနှီးထောံမကူးသန်းရောင်းဝယ်စေတော်မူ၍ ကျေးကျွန်တော်ပြည်သူများလည်း အရှင်ကို နှစ်သက်ချစ်ခင် အရှင်ကလည်း အများကို သနားကြင်နာတော်မူ၍ မြို့ပြပြည်ရွာသာယာရင်ကြေးဘေးရနမဘက် စစ်မက်မပေါ် ကျွန်တော်မျိုးများစီးပွါးတိုးတက်၍ ကုသိုလ်ကောင်းမှုသာနှစ်သက်လေ့လာကြကုန်၏။ မဟာရာဇာစောကြာခိုင်ကား သားတော်ကြီးစောချယ် စောကုလား စောလု စောအို သားတော်လေးပါး သ္မီးတော်ကား စောခန်းလှိုင် စောယုံဟုနှစ်ပါး သားတော်သ္မီးတော်(၆)ချော်ပါးရှိတော်မူ၏။ သက္ကရာဇ် ၁၂၄၀–ပြည့်နှစ်နှိုက် မင်္ဂဖိုလ်နိဗ္ဗာန်အလို့ငှါ မြို့အရှေ့ဘက် သာမိုးရပ်အရှေ့မြော်ထောင့်နားလွှန်လွင်တွင် ဇေတဝန်ကျောင်းတော်ကြီးဆောံလုပ်၍ ဆရာတော်ဘုရားကြီးဦးဝိသုဒ္ဓကို ပင့်ယူလှူဒါန်းကိုးကွယ်၍ သားတော်စောချယ်စောလုတို့ကိုလည်း သက်န်းချီရှင်ပြု၍ ပွဲလမ်းသဘင်ကြီးပြုလုပ်လှူဒါန်းတော်မူ၏။ သက္ကရာဇ်

E-book is created by www.shanyoma.org

၁၂၄၄–ခု ထောင့်နှစ်ရာလေးဆဲ့လေးခုနှစ်တွင် မြန်မာပြည်ဘုရင်သီပေါမင်းတရားက မဟာရာဇာစော်ဘွားကြီးစောကြာခိုင်၏ နှစ်လုံးတော် မချမ်းသာအောင် ပြုမူသဖြင့် ရန်ကုန်မြို့ စန်းချောင်းအရပ်တွင် ဆင်းသွား၍ စံနေတော်မူလေ၏ ။ ထွက်သွားတော်မူသည်နောံ ဘဒ္ဒေးတော်ခွန်ကြီးက မြို့အုပ်ပြုလုပ်၍ မှူးကြီးမတ်ရာသေနာပတိတို့စုံညီစောင့်ရှော်အုပ်ထိန်းနှင့်လေ၏ ။ သီပေါဘုရင်မင်းကလည်း ကုတ်လောင်းဝန်ကိုစေလွှတ်၍ လာထိန်းစေ၏ ။ ၁၂၄၇–ခုနှစ်တွင် အင်္ဂလိတ်အစိုးရက မြန်မာဘုရင်သီပေါမင်းကို ယူသွားသဖြင့် မဟာရာဇာစော်ဘွားကြီးလည်း မြန်မာထက်သေးမှီအမတ်ကြီးဦးခိုင်က မြို့အုပ်မင်းဘဒ္ဒေးတော်နှင့်သင့်တင့်ခြင်းမရှိ၍ မြို့ရွာခွါထွက်ရှောင်သွားပြီးလျှင် မိုင်းရယ်စော်ဘွားစောနော်မိန်းနှင့်ပူးပေါင်းပြီး သီပေါမြို့တော်ကို လာရော်တိုက်ခိုက်ဖျက်ဆီး၍ မြို့ရွာပျက်ပြားရကြောင်း မဟာရာဇာစော်ဘွားစောကြာခိုင်က ပြန်လည်၍ မိုးဗြဲဖယ်ခွန်ဘက်နှိုက်လှည့်လာ၍ ရဲမင်္ဂတပ်သားများကို စုယူချီတက်တော်မူလာ၍ မိုင်းရယ်စော်ဘွားခွန်နော်မိန်းကို တိုက်ခိုက်တွန်းလံပြီးလျှင် အရေးအောင်မြင်၍ စည်မွန်နယ်လွယ်တန့်ခန်အရပ်တွင် အုန်းဘောင်မြို့တည်ထောင်သမုဒ်၍ ခေတ္တစံနေတော်မူ၏ ။ သက္ကရာဇ် ၁၂၄၈–ခုနှစ်မှ လွယ်တန့်ခန်အုန်းဘောင်မြို့ထွက်တော်မူ၍ သီပေါမြို့ဝင်တော်မူလာရာ နန်းတော်ကြီးကို မဝင်သေးဘဲ သာမိုးအရပ်ဒုဋ္ဌာဝတီမြစ်ဆိပ်ကန်းနှိုက် ဖောင်ဘွဲ့၍ မြစ်ထဲတွင် စံတဲနန်းဟော်ဆောံလုပ်၍ စံနေတော်မူ၏ ။ သက္ကရာဇ် ၁၂၄၉–ခုနှစ်မှ မြို့တွင်းဟော်နန်းတော်ကြီးသို့ဝင်စံတော်မူလေ၏ ။ ထိုအခါ မဟာရာဇာအရှင်သခင်ကြီးဘုရားက ယွန့်အခါအင်္ဂလိတ်မင်းက တိုင်းပြည်များကို သိန်းယူရရှိ၍ အင်္ဂလိတ်မင်းက အစိုးရဖြစ်လေပြီ။ ငါတို့သီပေါမြို့လည်း မြို့၏ဂြိုဟ်ဇာတာနံမေးမှိန်သည်အတွက် ရာန်သူပေါ် ပေါက်ဖျက်ဆီးခြင်းရှိသည်တကြောင်း အင်္ဂလိတ်မင်းအုပ်စိုးရခြင်းဖြင့် နောင်ကို မြို့ပြည်နိုင်ငံချမ်းသောယာ၍ လူနေအိမ်ခြေစီကားကသားငါးရာဝင်လာခိုနေကြမည်ကိုများမည်ဖြစ်၍ ယွန့်နေမြို့တော်သည် ကြင်းငယ်သည်ဖြစ်၍ လူဝင်များမည်တဝကြောင့် မြို့သစ်ထပ်မံတည်ရန်သင့်သည်။ သို့သော် အုန်းဘောင်နယ်သည် အမတ်လေးထောင်မရှိမပြည့်က မတည်နိုင်ကြောင်းသိုက်သမိုင်းရှိ၏ ။ သို့သော် အမတ်လေးထောင်ပြည့်အောင် ကြံဆောင်၍ ခန့်ထားတော်မူမည် ယွန့်မြို့တွင်းနှိုက်နေထိုင်ကြသောလူများကို နံ့ပေါ့ချောင်းတောင်ဘက် လယ်ကျင်းများထည်းသို့ရွှေ့ပြောင်းအိမ်ရာဆောံလုပ်နေထိုင်ကြစေဟူ၍ အမိန့်တော်ရှိတော်မူပြီးလျှင် မြေတိုင်းအမတ်ကြီးဦးကြိုင်ကို မြို့နေရာတိုင်းတာသတ်မှတ်စေပြီးလျှင် လူများကို ပြောင်းရွှေ့နေထိုင်စေနှင့်၏ ။ သက္ကရာဇ် ၁၂၅၁–ခုနှစ် မဟာရာဇာစောကြာခိုင်က ရန်ကုန်သို့ အစိုးရစည်းဝေးရာသဘင်၌ ကြွရော်ရာ စီအိုင်အီးဣန္ဒိယမဟာရဋ္ဌဟူသောဘွဲ့ကိုခံယူ၍ အစိုးရမင်းတိုင်ပင်မြော်၍ အစိုးရက နာမံတော်တောင်းဆိုသည်နှင့်ခွန်ဆိုင်ဟူသောနာမံတော်ကို ပေးသွင်းခဲ့၍ စောကြာခိုင်ကို ခွန်ဆိုင်ဟူ၍တွင်၏ ။ မဟာရာဇာစီအိုင်အီးပြန်တည်တက်ကြွလာတော်မူသောအခါ ၁၂၅၂–ခုနှစ်၌ မိုင်းလင်းဟိန်ပေါ်ကြိုဟိန် ကျွဲကုန်းဟိန် ကျော်မဲဟိန်တို့ကို အမတ်အရာခန့်တင်၍ အုန်းဘောင်မြို့ဟောင်းနေရာမြေနှင့်ကေရာဇ်ကုန်း ရှမ်းလို(မလင်ကာခန်း)ဟူသောကုန်းမြေ မြေနှစ်ရပ်ကို တူးယူခဲ့စေပြီး



E-book is created by www.shanyoma.org

လျှင် ၇–ရက် ၇–ညပွဲလမ်းသဘင်ကြီးပြုလုပ်တန်းခူးလအတွင်း နေ့ကောင်းရက်မြတ်နက္ခတ်မင်္ဂလာရှိသောနေ့နှိုက် နံ့ပေါ့ချောင်းတောင်ဘက် လယ်ကြင်းထဲတွင် ရဟန်းသင်္ဃာတော်များကို ပင့်ဘိတ်ပရိတ်ကမ္မဝါရွတ်ညှပ်ပြီးလျှင် သမ္မာဒေဝလောကပါလာဣန္ဒာသုယံသဟံပတိအစရှိသော ရေမြေတောတောင်သာသနာငါးထောင်စောင့်သောနတ် မြို့တော်တွင်စောင့်သောနတ်(၁၈)ပါး အထက်(၃၇)မင်း အောက်(၃၇)မင်းအတွင်းပြင်ပစသောနတ်များကို ပသတင်ကျွေးတိုင်ကြားတသ၍ သီးမျိုးစုံပဒေသာနှင့်ရဟန်းသံဃာတော်များအား ကပ်လှူပူဇော်၍ ၇–ရက်လုံးလုံး စတုဒီသာထမင်းဟင်းအဖျော်ယမကာတို့ကို ကျွေးမွေး၍ မြို့သစ်တည်ရန် အလယ်ချက်တွင် ဟော်တော်ဆောက်ရန် မင်္ဂလာကွန်းတိုင်တွင်းတူပြီး ယူလာခဲ့သောအုန်းဘောင်မြို့မြေ မတ်လင်ကာခန်းကုံးမြေ ၂–ပါးကို တွင်း၌ ထည့်ခံ၍ ဟော်တော်မင်္ဂလာကွန်းတိုင်လေးလုံးစိုက်ထူပြီးလျှင် အုန်းဘောင်ကာခန်းမြို့ဟူ၍ သမုဒ်တည်ထောင်တော်မူ၏။ ဟော်တော်မင်္ဂလာကွန်းတိုင်နှင့်မြို့လေးထောင့်ရာဝင်ဆီအိုးကြီးလေးလုံးချမြှုတ်သောအခါ အမြော်သံပေး၍ တပြိုင်နက် စိုက်ထူချမြှုတ်ကြလေ၏။ တောင်မြို့မြို့သစ်ကား အုန်းဘောင်ကာခန်းမြို့မည်၏။ သက္ကရာဇ် ၁၂၅၃–ခုနှစ် ကာခန်းမြို့တောင်မျက်နှာ ကွန်ပွေ့အရပ်တွင် အရှည်သဖြင့် ဗြဟ္မာနတ်လူသုံးဘုံသူတို့၏ ရှိခိုးကိုးကွယ်ပူဇော်စိမ့်သောငှါ မဟာမြတ်မုနိရုပ်ပွားတော်ကြီးသည် သွန်းရန် မဟာရာဇာတော်ကြီးဘုရားခွန်ဆိုင်၏ ကိုယ်လေးတော် ရွှေငွေကျော်စိန်ကြေးစသောဝတ္ထုတို့ကို နှိုင်းစက်တော်မူ၍ မတည်ပြီးစေတနာသဒ္ဓါတရားရှိသောပြည်သူပြည်သားတို့ကလည်း တတ်အားသမျှ ရွှေငွေကြေးများကို ထည့်လှူကူဝင်ကြစေ၍ ဂဠုံနဂါးဘီလူးဝိဇ္ဇာဇော်ဂျီများယိမ်းတုံးကပွဲသဘင်ဆင်ယင်၍ မန္တလေးမဟာမုနိဘုရားကြီးပုံတော်အတိုင်း တမိုက်လျှော့၍ တည်သွန်းတော်မူရာ ထိုနှစ်မအောင်မြင် ၅၄–၅၅–ခုနှစ်တို့နှိုက်လည်း တည်သွန်း၍ မအောင်မြင်ဘဲ ရပ်ဆိုင်းထား၍ ရှမ်းကြေးသွန်းဆရာများ သုံးနှစ်တိုင်တည်သွန်း၍ မအောင်မြင်၍ သက္ကရာဇ် ၁၂၅၇–ခုနှစ်ကြသောအခါ တော်ကြီးဘုရားကရန်ကုန်စန်းချောင်းကျောင်းဆရာတော်ဦးဂါဝိအရှင်ကို ပင့်ယူ၍ မြန်မာကြေးသွန်းဆရာဆရာနိုးပါခေါ် ဆောင်လာ၍ ဦးဂဝိကိုယ်တော်က ကြပ်မတည်သွန်း၍ အောင်မြင်ပြီးစီးခြင်း ရော်၏။ မဟာရာဇာစီအိုင်အီးအရှင်သွှင်ကြီးခွန်ဆိုင် မင်းဖြစ် ၃၆–နှစ် သက္ကရာဇ် ၁၂၆၄–ခုနှစ် သာသနတော် ၂၂၄၆–ခုနှစ်တွင် နတ်ရွာစံတော်မူ၍ သားတော်ကြီးစောချယ် ဆက်ခံစိုးမိုးတော်မူ၏။ စောချယ်သွှင်ကြီးသည်လည်း ဘိုးဘတော်ထုံးတရားနှစ်လုံးစွဲသုံး၍ နယ်ပြည်မြို့ရွာအုပ်မိုးစိုးပိုင်တော်မူရာ ပြည်သူသတ္တဝါတို့အား ကောင်းသောနည်းပေးလမ်းပြဆုမ္မသွန်သင်ရင်ကြေးသော အကျင့်မြတ်မြင့်သောသတင်းသီလအဌင်္ဂဒသသီတို့ကို ကျင့်သုံးကြရန် နိုးဆော်တော်မူ၍ ကိုယ်တိုင်တော်လည်း ဒသဓမ္မဆယ်ဝသောမင်းကျင့်တရား ၅–ပါးသောဂရုဓမ္မနိစ္စသီလကို လက်ကိုင်စွဲသုံးနှလုံးသွင်းတော်မူ၍ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းလတိုင်းမပြတ် သာသနာတော်ထမ်းရဟန်းသင်္ဃာတော်တို့အား အနမာသဝတ္ထုများကို သင့်တော်သလော်ထော်မဆက်ကပ်လှူဒါန်း၍ စာပေပရိယတ်ပဋိပတ်များကို အားထုတ်စေတော်မူ၏။ ပြည်သူပြည်သားတို့လည်း ၅–ပါးသီလ အဌင်္ဂနှင့်ဒသသီတို့

E-book is created by www.shanyoma.org

ကို ဆောက်တည်ကျင့်ကြံမြဲမြန်စေရန် နိုးဆော်တိုက်တွန်းတော်မူ၍ လောကီလောကုတ္တရာစီးပွားများ မြတ်စေခြင်းငှါ လုပ်မှုဆောင်တာလယ်ယာကိုင်းကျွန်းမှစ၍ ချဲ့ထွင်လုပ်ဆောင်ကြစေ၏။ ပြည်ပိုင်မင်းက မရှင်းတရားရှိသည်များကြောင့် တိုင်းကားပြည်ရွာ သာယာဝပြောရေစာပေါ၍ ပြောသံစည်သံ စာဟောသံမစဲ ပွဲလမ်းသဘင်ပြုလုပ်လှူဒါန်းခြင်းလေ့လာကြသောကြောင့် ပြင်ပအချားသော လူသူတို့ဝင်ရောက်နေထိုင်ရာ မြို့ရွာစည်ကားခြင်းရှိလေ၏။ မဟာရာဇာစောချယ်သွင်ကြီးသည် ကား သားတော်ကြီးစောအုန်ကြာတပါး သမီးတော်စောကြာညွန့် စောသီရိအုမ္မာ စောသီရိမာလာ ဟူ၍ သားတော်သမီးတော် ၄–ပါးရှိတော်မူ၏။ ဤလွှတ်တော်၌ ပြည်သူတိုင်းသား သတ္တဝါများ ချမ်းသာစွာ နေထိုင်ကြရလေ၏။ စစ်မင်္ဂရန်သူမပြုမပေါ် မပေါက်ရှိလေ၏။ သက္ကရာဇ် ၁၂၆၅–ခုနှိုက် အရှင်သွင်ကြီးစောချယ်က ကာခန်းမြို့အရှေ့တောင်ထောင့်၌ ကုသိုလ်တော်ဖြစ်ဇေတဝန်ရှန်းဆက်ကျောင်းဆောက်လုပ်၍ ရွှေဒါးဆရာတော်အရှင်ဦးပညာကို ပင့်ယူကပ်လှူကိုးကွယ်တော်မူ၏။ သာသနာတော်ထမ်းရဟန်းတော်များလည်း ပရိယတ်ပဋိပတလေ့လာ၍ စာပြန်စာဖြေပွဲများပြုလုပ် သာသနာတော်ကို ချီးမြှောက်တော်မူ၍ သာသနဒါယကာဖြစ် သာသနာပြုမင်းခံတော်မူ၏။ အရာရှိအမှုထမ်းကြီးငယ်အလျောက်ဝတ်စားလစာလယ်တာစမွါးအစားအသောက် လုံလောက်စွာချပေးသနားတော်မူ၏။ သက္ကရာဇ် ၁၂၆၈–ခုနှစ်နွားလားဝံတင်ခြေလျင်ပုခုံးထမ်းတို့ လွယ်ကူစွာ သွားလာနိုင်ရန် ဟတ်လင်ရွာအနီး ဒုဋ္ဌာဝတီမြစ်ချောင်း၌ သံတံတားကြီးဆောက်လုပ်လှူဒါန်းတော်မူ၏။ သက္ကရာဇ် ၁၂၇၈–ခုနှစ်၌ သီပေါမြို့တော်တွင် ပူအိုက်ကြီးမားသဖြင့် နောင်ကော်တွင် ဟော်နန်းဆောက်လုပ်၍ စံနေတော်မူ၏။ သက္ကရာဇ် ၁၂၈၂–ခုနှစ်တိုင်လျှင် စခမ်းသာသို့မြို့တည်နန်းတည်၍ ရွှေ့ပြောင်းစံနေတော်မူ၏။ စခမ်းသာမြို့မှာလည်း ပြဿဒ်ကျောင်းကြီးကြေးစေတီများကို တည်ဆောက်၍ ရွှေတောင်ဆရာတော်ဘုရားကို ကပ်လှူကိုးကွယ်၏။ သက္ကရာဇ် ၁၂၈၆–ခုနှစ်၌ အော်နယ်မြန်မာနိုင်ငံတော်အတွင်း စာပေကျမ်းဂန်တတ်မြောက်ကျွမ်းကြင်သော လယ်တီမလ္လီဆရာတော်ကြီးဘုရားများနှင့်စာတတ်ပုဂ္ဂိုလ်ကျော်တို့ကို ပင့်ယူ၍ စာပြန်စာမေးပွဲ သာသနာပြုပွဲကြီးကျင်းပ၍ သီးမျိုးစုံပဒေသာပင်ကပ်လှူပူဇော်သာသနာပြုပွဲကြီး ကျင်းပပြုလုပ်တော်မူ၍ မြန်မာပိဋကတ်တော်ကို ရှမ်းဘာသာပြန်ပိဋကတ်ပြုစုတော်မူ၏။ မဟာရာဇာဆာစောချယ်သည် သာသနာတော်ကို ယုံကြည်သက်ဝင်တော်မူ၍ မဟာဓမ္မရာဇ်ရာဇာမင်းစစ်မှန်တော်မူ၏။ ပဟုသုတအရာလည်း ကျွမ်းကြင်သိမြင်နားလည်တော်မူ၍ အင်္ဂလိတ်အစိုးရမင်းတို့က မင်းတိုင်ပင်အဖြစ်ချီးမြှင့်မြှောက်စားတော်မူ၍ စီးဝေးရာဌာနတိုင်းတွင် အစိုးရက အုန်းဘောင်သီပေါစော်ဘွားကြီးကို ဥက္ကဋ္ဌသဘာပတိမြှောက်ခြင်းခံရသောမင်းဖြစ်၏။ သက္ကရာဇ် ၁၂၇၉–ခုနှိုက် အင်္ဂလိတ်အစိုးရမင်းက စီအိုင်အီးဆာစောချယ်ဟူသော ဂုဏ်ထူးဘွဲ့များကို ချီးမြှောက်တော်မူ၍ စီအိုင်အီးဆာစောချယ်အရှင်သွင်ကြီးသည် ထိုဘွဲ့၏ အမိန့်သနတ်ကို ဘိလပ်လန်ဒန်မြို့တော်သို့ ဆင်းယူရန် ပြင်ဆင်နေသည်အတွင်း သက္ကရာဇ် ၁၂၉၀–ပြည့် နယုန်လဆန်း ၁၂–ရက်နေ့ သွေးကြောပြတ်ရောဂါနှင့်မသွားခင်ဘဲ နတ်ရွာစံတော်မူလေ၏။ စီအိုင်အီးဆာစောချယမင်းဖြစ် ၂၆–နှစ် နတ်ရွာစံတော်မူသည်နေ့ကစ၍ သား



E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

တော်ကြီး အမ်အေစောအုံကြာဆက်ခံစံစိုးတော်မူ၍ ခမည်းတော်စီအိုင်အီးဆာစောချယ်အုပ်စိုး သောနည်းနာနယျအတိုင်း ရာဇဓမ္မဟူသော မင်းကျင့်တရားတို့နှင့်လျော်စွာ ပြည်ရွာတိုင်းကားကို စီရင်အုပ်ချုပ်စိုးပိုင်တော်မူခြင်းကြောင့် မြို့ပြရွာပြည်တည်ကြည်ငြိမ်ဝပ်စစ်မဂ်ရန်သူမရှိ ချေမ်းစွာဖြင့် ကြီးပွားရေး စီးပွားရေး တိုးတက်လေအောင် ပြည်သူပြည်သားတို့အား နိုးဆော်နည်းပေး လမ်းပြဆုမ္မတော်မူ၏။ သက္ကရာဇ် ၁၂၉၄–ခုနှိုက် ပေါ်ကြိုခေတ်စစ်ကျောင်းတော်တဖောင်းကြီး ဆွေးမြေ့ရှိရှင်း၍ တိုင်းသူပြည်သားတို့ကို နိုးဆော်၍ အဟောင်းကိုဖျက်သိမ်း၍ သံအူတိုင်နှင့်ကံကရိတ်တိုင်များတည်ပြီး မြေအုပ်ကျော့အုပ်တို့ဖြင့် ပြင်ဆင်တော်မူ၏။ သက္ကရာဇ် ၁၂၉၆–ခုနှစ် ခမည်းတော်စီအိုင်အီးဆာစောချယ်ပြုစုခဲ့သော သာသနာတော်ရေးကိုလည်း နည်းမပြတ်စေရန် ပရိယတ္တိပဋိပတ္တိ စာပြန်စာဖြေပွဲနှင့်သာသနာပြုပွဲကြီး စခမ်းသာမြို့တွင် ကြင်းပ၍ ပဥ္စင်းရှင်သာမဏေရှင်ပြုခြင်းကို ချီးမြှော့ သီးမျိုးစုံပဒေသာပင်များကျောင်းစေ့လှူဒါန်း၍ စာပြန်စာဖြေပွဲ အောင်မြင်တော်မူကြသော ရဟန်းသာမဏေတော်တို့ကို ဆွမ်းသင်္ကန်းဘိုးတွက် လစဉ် ဝတ္ထုငွေ ၂၅ က ၇၅ ထိ ပုဂ္ဂိုလ်တို့၏ အရေအချင်းအလျော့ထော့ပန့်လှူဒါန်းတော်မူ၏။ မဟာရာဇာစော အုံကြာမင်းဖြစ် ၁၀–နှစ် သက္ကရာဇ် ၁၃၀၀–ပြည့် ဝါဆိုလအတွင်း နတ်ရွာစံတော်မူ၍ ရိပ်ရာခံ သားထော့သ္မီးခံမရှိ၍ အင်္ဂလိတ်အစိုးရဝန်ထန်းအင်္ဂလိတ်ဝန်ထော့မင်းဘာဇက်သ္ခင်က နယ်ချုပ် ရာထူးယူ၍ အုပ်စိုးတော်မူလေ၏။ ဘာဇက်သ္ခင်အုပ်ချုပ်ထိန်းသိမ်းနေသည်အတွင်း သက္ကရာဇ် ၁၃၀၃–ခုနှစ် လူမျိုးချားဂျာပန်တရုပ်က အင်္ဂလိတ်အစိုးရကို ရန်မူ၍ စစ်မဂ်ကမ္ဘာစစ်ကြီးဖြစ်ပွါး တိုက်ခိုက်ဖျက်ဆီးရာ ဘားဇက်သ္ခင်က ၄–နှစ်စိုးအုပ်ပြီး အင်္ဂလန်သို့ပြန်သွားလေ၏။ လူမျိုးချား ဂျာပန်တရုပ်က ခေတ္တတိုင်းပြည်ရ၍ သက္ကရာဇ် ၁၃၀၄–ခု နယုန်လအတွင်း စီအိုင်အီးမဟာရာဇာ သ္ခင်ကြီးစောခွန်ဆိုင်၏ သားတော်ငယ် စောအိုသ္ခင်က ဆက်ခံစံစိုးတော်မူ၍ ဂျာပန်အလံတော် အောက်၌ မင်းပြုတော်မူ၏။ စောအိုသ္ခင်အုပ်စိုးနေတော်မူရာ သက္ကရာဇ် ၁၃၀၆–ခု အင်္ဂလိတ်အစိုးရ အမေရိကံအစိုးရတို့က ဂျာပန်တရုပ်ကို တော်လှန်တိုက်ခိုက်မြို့ပျက်ရွာပျက်ဖြစ်ပြနသောကြောင့် ပြေးလွှားနေရသည်နှင့်မဟာရာဇာစောအိုသ္ခင်စိုးအုပ်ရာ ၃–နှစ်တွင်းနှိုက် အလွန်မှ ရှုတ်ထွေးသည် အတွက် စိတ်တော်မချမ်းသာသည်အတွင်း မင်းအဖြစ်မှ နုတ်တော်မူလိုက်၏။ မဟာရာဇာစောအို သ္ခင်က သားတော်စောကြာစံ စောကြာဆိုင် ၂–ပါး သ္မီးတော် စောမမ စောကြည်စု စောရင်နု ဟူ၍ သားတော်သ္မီးတော် ၅–ပါးရှိတော်မူ၏။ အင်္ဂလိတ်အစိုးရအမေရိကန်အစိုးရတို့က တိုင်းပြည် မြို့ရွာပြန်လည်ရရှိ၍ အင်္ဂလိတ်အစိုးရဝန်ထမ်းအင်္ဂလိတ်ဝန်ထော့မင်းတံးပူးသ္ခင်က ၃–လနယ် ချုပ်ပြုလုပ်၍ အင်္ဂလိတ်ဝန်ထော့မင်းဆင်ဆင်သ္ခင်ကို လွှဲအပ်ပြောင်းသွား၏။ ဆင်ဆင်ဝန်ထော့ မင်းသ္ခင်က ၈–လ ၉–လလော့ အုပ်ထိန်းပြီး ကြိုင်တုံစော်ဘွားကြီးသားတော် စောခွန်မိုင်းကို အုပ် ထိန်းရန် လွှဲအပ်၍ပြောင်းသွားလေ၏။ သက္ကရာဇ် ၁၃၀၈–ခု သာသနာတော် ၂၄၉၀–ပြည့်နှစ်၌ အင်္ဂလိတ်အစိုးရတို့က ရှမ်းမြန်မာနိုင်ငံကို လွှတ်လပ်ရေးပေး၍ စောခွန်မိုင်းသို့ မြို့ရွာလွှဲအပ်အုပ် ထိန်းနေသည်အတွင်း တိုင်းသူပြည်သားက စောအိုသ္ခင်၏ သားတော်အငယ် စောကြာဆိုင်ကို စော်

ဘွားအဖြစ်တောင်းခံကြ၍ အစိုးရအင်္ဂလိတ်မင်းတို့က အသိအမှတ်ပြုပြီး အခွင့်အရေးပေးသဖြင့် စောခွန်မိုင်းက အုပ်ထိန်းရာ ဂ–လ ၉–လကြာသောကာလ စောကြာဆိုင်က စော်ဘွားအရာရ၍ မြို့ရွာများကို စောကြာဆိုင်လက်သို့ လွှဲပြောင်းပေးအပ်စိုးအုပ်စေ၍ ရပ်တော်သွားလေ၏။ ၁၃၀၉–ခုနှစ်ကစ၍ စောကြာဆိုင်ဆက်ခံစိုးမိုး၍မင်းမူလျက်ရှိလေ၏။ ယခုအခါ စောကြာဆိုင်စိုးပိုင်တော်မူနေရာ တိုင်းနိုင်ငံမတည်ငြိမ်သေးသဖြင့် လုပ်မှုဆောင်တာမြို့ရေးရွာမှုကို အစစ်မလောင်း ရှေးဟောင်းရိုးစဉ်အုပ်ချုပ်နည်းအားဖြင့် စီရင်အုပ်ချုပ်လျက်ပင် ရှိသေး၏။ ရှမ်းမြန်မာနိုင်ငံလွတ်လပ်ရေးရ၍ မြန်မာနိုင်ငံအစိုးရနှင့်ရှမ်းနိုင်ငံအစိုးရတို့သည် ပူးပေါင်း၍ စီမံဆောင်ရွက်နေရာ ပြည်ရွာမြို့ပြငြိမ်ရှိန်မပိပြားမှီ အရပ်ရပ်တိုင်းရေးပြည်မှုများကို ဒေတူပူအမျှဆို၍ မြန်မာနိုင်ငံအစိုးရစီစဉ်သောကိန်းနည်းများကိုသာလိုက်နာဆောင်ရွက်လျက်ရှိသေး၏။ အုန်းဘောင်သီပေါမြို့စော်ဘွားကြီးစောကြာဆိုင်လည်း ငါ့မှာ ငယ်ရွယ်ရှိသေး၍ ပညာပဟုသုတကောင်းစွာပြည့်စုံလုံလောက်ခြင်းမရှိသေးဆို၍ မြို့ကြေးရွာများကြည့်ရှုစောင့်ထိန်းအုပ်ချုပ်နှင့်စေရန် ဦးကြာပုကို နယ်ချုပ်ပြုထားပြီး မြို့ရေးရွာမှုကိစ္စများကို စီမံခန့်ခွဲ၍ အမတ်ချုပ်မြို့ဝန်ကြီးဦးခွန်လိတ်ကို လွှဲအပ်ခဲ့၍ သက္ကရာဇ် ၁၃၁၀–ခု ဝါခေါင်လအတွင်း ဒေသန္တရပဟုသုတနှင့်အချားပညာရပ်များကို ရှာဘွေသင်ယူရန် မဖျှိမတိုင်းသို့ထွက်ခွါသွားတော်မူခဲ့၏။ သို့နှင့်အုန်းဘောင်ရာဇဝင်ကိုတိန်ကောပျောက်ကွယ်ခြင်း မရှိစေဘဲ နေ့သားနောင်လာသူတို့ လွယ်ကူသိမြင်နိုင်စေခြင်းငှါ အမတ်ချုပ်မြို့ဝန်ကြီးဦးခွန်လိတ်က ပြင်ဆင်ရေးသားထားရန် တောင်းပန်တိုက်တွန်းသည်အတိုင်း သိသလောက်မှတ်မိသလောက် သက္ကရာဇ် ၁၃၁၀–နှစ် ပင်စဉ်စားတောင်ပိုင်မြို့ဝန်ကျောင်းတကာဦးမှူးက ပြင်ဆင်ရေးသားရပေကြောင်း ၁၃၁၅–ခုပြာသိုလ္ဆန်း ၅–ရက် ၉–၁–၅၄ စော်ဘွားကြီးစောကြာဆိုင်သည် အမေရိကပြည် ပညာသင်၏။ ပညာပြည့်စုံ၍ ကြင်ရာတော်ဇာမနီလူမျိုးအမျိုး စီစီအရီအမည်ခေါ် အမေရိကန်ပြည်မှ လက်ထပ်တော်မူ၍ အမေရိကပြည်မှ ပါလာတော်မူသည်။

မှတ်ချက်။ ။ဤလက်ရေးမူအုန်းဘောင်သီပေါမြို့မင်းဆက်ရာဇဝင်တော်ကို မူရင်းရှေးလက်ရေးမူစာလုံးပေါင်းအတိုင်း မပြင်ဘဲ ပြန်လည်စာစီရိုက်ထားပါသည်။

E-book is created by www.shanyoma.org